ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

အထက်ကြူးအင်း ကျေးရွာ

နောင်ချိုမြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အထက်ကြူးအင်း ကျေးရွာ၊ နောင်ချိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

ကျောင်း လုပ်ငန်းများမှာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေးချိန်လက် ၆၀မှ၁၀၀၀မ်ိန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်အသင့်အတင့်အထောက်အကူပြုသည်။ကျေးရွာတည်ရှိရာတွင်ကုန်းတွင်းပိုင်းတွင်ရှိပြီးဆားငန်ရေဝင်ရောက်မှုမှကင်းလွတ်သည်။ကျေးရွာအနီးတွင်တောတောင်မြစ်ချောင်းများအသင့်အတင့်ရှိပြီးမြေပြင်အနေအထားမှာမြေပြန့်ဖြစ်သည်။လယ်ယာမြေများသည်စပါး၊ပြောင်းဖူး၊ပဲ၊သီးနှံမျိုးစုံများစိုက်ပျိုးထုတ်လုပ်ရန်နှင့်သက်မွေးဝမ်းကျောင်းရန်တို့အတွက်အဓိကအားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး တောင်ပေါ်ဒေသဖြစ်ကာမြေဆီ အသင့်အတင့်ကောင်းမွန်သည်။ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။တောင်သူအချို့မှာ ရေလှောင်တမံမှဆည်ရေဖြင့် လယ်မြေ(၅၀)ခန့်ကိုသာရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက်ရေအသုံးပြုမှုနည်းပါးသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက(၄၅၀)ဧကရှိပြီးစပါး ကြံနှင့်ပြောင်းကိုအဓိကအားထား၍ စိုက်ပျိုးကြသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၀၅)စုနှင့်ကျား (၃၇၂) ၊မ (၂၃၆) ဦး ပေါင်း (၅၀၂)ဦးရှိကာတစ်အိမ်ထောင်လျှင် ၄.၇% ရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်၅ဦး ပျမ်းမျှထက် လျော့နည်းသည်။ကျေးရွာတွင် ရှမ်း လူမျိုးများနေထိုင်ကြပြီးအလုပ်လုပ်နိုင်သောအရွယ်မှာကျေးရွာလူဦးရေပေါင်း၏ (၈၀)% ခန့်ရှိသဖြင့် လူသား အရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာလူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက် အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၅%)မျှလျော့နည်းသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရ လုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲ၊ ချမ်းသာအဆင့်သတ်မှတ်တွင် အိမ်ထောင်စု အားလုံး၏(၆၈%)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့်ခံယူကြပြီး (၁၀%)သည်ချမ်းသာသည့်အဆင့် (၂၂%)သည် အလယ် အလတ်ရှိကြသည်ဟု သတ်မှတ်ကြသည်။

ကျေးရွာတွင်လယ်ယာမြေ ပိုင်ဆိုင်မှု လက်လှမ်းမီမှု လယ်ယာသုံးစက်ကိရိယာ များပိုင်ဆိုင် မှုနှင့် စိမ့်စမ်းရေစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေး အနေ အထားမှာအသင့် အတင့်ကောင်း သည်ဟုပြောနိုင်သည်။ ချမ်းသာသော လယ်သမား အိမ်ထောင်စု များအပြင်အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ဈေးရောင်း၊ အိမ်ဆိုင်၊ ဆန်ကြိတ်စက် စသောအသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ငွေချေးသော အိမ်ထောင်စု အချို့နှင့်အစိုးရဝန်ထမ်း အချို့လည်း ငွေရေး ကြေးရေးအသင့်အတင့်အဆင်ပြေကြသည်။

ယင်းတို့အနက်ဆင်းရဲအဆင့်သည်ကျေးရွာတွင်အများဆုံးဖြစ်ပြီးမြေယာအနည်းငယ်ပိုင်သောလက်လုပ်လက်စား၊ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုအရေအတွက် မြင့်မားပြီး(၃၀%)စု အတိုရိုကာ ဆင်းရဲ၊အလွန်ဆင်းရဲ အဆင့်ရှိအိမ်ထောင်စုများဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်းလယ်ယာလုပ်ငန်း၊လက်လီ၊ဆန်ကြိတ်စက်လုပ်ငန်းများတွင်အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ကျေးရွာမှဆင်းရဲမှုနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော(၃၁)စုကိုလေ့စာဆန်းစစ်မှုအရ ယင်းတို့၏ (၅%)မှာသူတစ်ပါးထံမှချေးငှားပြီးမှနပ်မှန်စားသုံးနိုင်ကြောင်း(၁၂%)မှာသူတစ်ပါးထံမှမချေးငှားပဲသုံးလခနှစ်စားသုံးနိုင်ကြကြောင်း (၁၀ %)မှာဖြလမှ၁၂လခနှစ်သူတစ်ပါးထံမှချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်းတွေ့ရသည်။အကြွေးတင်ရှိတွင်တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည်အကြွေးငွေ(၃)သိန်းမှ(၁၃)သိန်းကျပ်ထိတင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ (၄%)ခန့်သည်အမျိုးသမီးဦးဆောင်အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာဆင်းရဲကာမိသားစုဦးရေများပြားကြသည်။အလားတူအိမ်ထောင်ဦးစီးကရွာပြင်ပတွင်သွားရောက်အလုပ်လုပ်နေကြသောအိမ်ထောင်စု(၁)စုနှင့်မုဆိုးဖို၊တစ်ခုလပ်ဦးဆောင်သည့်အိမ်ထောင်စု(၁)စုသည် ထိခိုက်လွယ်သောအိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမရှိ၊မိသားစုစောင့်ရှောက်မှုနည်းသူဖြစ်သည့်သက်ကြီးရွယ်အို(၁၇)ဦးတို့ဖြစ်ကြသည်။ရွာပြင်ပသို့သွားရောက်လုပ်ကိုင်ကြသည်လူငယ်လူရွယ်များသည်လိင်မှတစ်ဆင့်ကူးစက်တတ်သည်ရောဂါများ၊အရက်နှင့်မူးယစ်ဆေးသုံးစွဲမှုတို့ရှိတတ်ကြသည်။ယခု နှစ်ပိုင်းများတွင်အဝေးပြေးကားလမ်းပေါ်တည်ရှိ၍ ယာဉ်မတော်တဆဖြစ်ပွားမှုများ များပြားလာခဲ့သည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်ရွာသားအများစုသည်သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်းကျန်းမားကြသည်။သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင်အနည်းငယ်ဖြစ်ပွားမှုရှိကြောင်းတွေ့ရသည်။အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည်တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကိုကျေးရွာတွင်ရရှိနိုင်ပြီးရွားတွင်းတွင်ရှိပြီးအလွယ်တကူသွားလာနိုင်သောမြို့နယ်ဆေးရုံ၊ဆေးခိုင်များနှင့်လက်လှမ်းမီပါသည်။

ကျေးရွာတွင်သန့်ရှင်းသောရေတွင်းများ၊မော်တာသုံးတုံကင်များမှမြေအောက်ရေကိုအလွယ်တကူရရှိပြီးဝမ်းပျက် ဝမ်းလျော၊တိုက်ဖိုက်၊အစာအိမ်ရောင်စသော ရောဂါများဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည်အတော်အသင့်ရှိကြောင်းတွေ့ရှိရသည်။အများစုသည်အခြေခံအရေးအဖတ်၊အတွက်တို့ကိုတက်မြောက်ကြပြီးဘွဲ့ရအရေအတွက်နည်းသည်။အခြေခံ ပညာရေးကို ရွာထဲရှိမူလတန်း၊အလယ်တန်း၊မူလွန်ကျောင်းတို့တွင်တက်ရောက်သင်ကြားနိုင်သည်။သို့သော်အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုမှာနိမ့်ကျဆဲဖြစ်ပြီးလူငယ်လူရွယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင်ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်။ကျားမဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရကောင်းစွာသတ်မှတ်ထားသည်။ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်း များမတွေ့ရပါ။ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့်ပညာရေးနှင့်အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘူယျပြောနိုင်ပါ သည်။ပညာရေးနှင့်ဆိုင် သောကိန်းဂဏာန်းများတွင် မူလတန်းအဆင့်၌မိန်းကလေးအရေအတွက်သည် ယောက်ကျားလေး အရေအတွက်ထက်နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင်မအရေအတွက်မှာ ကျားအရေအတွက်ထက်ပိုများနေသည်။ အမျိုးသမီးများအတွက်ပညာသင်ယူရေးဆိုင်ရာအခွင့်အရေး မှာအမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။

သို့သော်ကျေးရွာတွင်နေ့တွက် လုပ်အားခများမှာအမျိုးသားများကပိုမိုရကြသည်။ ဥပမာအား ဖြင့် လုပ်အား သဘာဝနှင့်အင်အားစိုက်ထုတ်မှုတူညီသော်လည်းအမျိုးသမီးများသည်အမျိုးသားများ ထက်လုပ်အားလျော့နည်းပြီးရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူအမျိုးသမီးပါ ဝင်မှုအ လွန်လျော့နည်းလျက်ရှိသည်။ကျား မ တန်းတူညီမျှမှုနှင့်ပါ သတ်မှုနှင့်ပတ်သက်၍အသိပညာပေး ခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား မ တန်းတူညီမျှမှုဖွံ့ဖြိုးတိုးတက်မှုပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါ သည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၁)ဖွဲ့နှင့်စီးပွားရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့တို့ရှိသည်။ယင်းတို့အနက်မှပြင်ပမှဖွဲ့စည်းဆောင်ရွက်ပေးသောလူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့်အမျိုးသမီးရေးရာအဖွဲ့မှာလှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။မြန်မာ့အသေးစားငွေစုငွေချေးလုပ်ငန်းကိုလည်ပတ်ဆောင်ရွက်လျက်ရှိသည်။ကျေးရွာရှိအဆိုပါငွေစုငွေချေးလုပ်ငန်းကိုလည်ပတ်ဆောင်ရွက်လျက်ရှိသည့်အဖွဲ့များမှာတစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက်မှု၊အဖွဲ့အစည်းများဆိုင်ရာသောတရားတို့နှင့်ပတ်သက်ပြီးအားနည်းကြပြီးအဖွဲ့အစည်းများစွမ်းဆောင်ရည် မြှင့်တင်ရေသင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်း မွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါး၊ပြောင်း၊ကြံအဓိကထားစိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက(၁၀၀)ရှိပြီးအဓိက

သီးနှံအဖြစ် ကြဲ(၃၀)ဧက၊ပြောင်း (၂၀၀)ဧကကိုစိုက်ပျိုးကြသည်။မိုးစပါးပျမ်းမျှအထွက်မှာ (၁၅)တင်း၊ ပြောင်းတစ်ဧကအထွက်နှုန်းမှာ(၃၀)တင်းထွက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီးစိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။တောင်သူအများစုသည်လယ်ယာလုပ်ငန်းခွင်အတွက်အလုပ်သမားမလုံလောက်မှုပြဿနာကိုရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှအလုပ်သမားကိုဌားရမ်းရရှိနိုင်ကြတာကုန်ကျစရိတ်မြင့်မားရသည်။အချို့တောင်သူများမှာအလုပ်သမားရှားပါးမှုနှင့်တောင်သူများသည်တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှုမှာမညီမျှမှု ရင်ဆိုင်ရတတ်သည်။ပြောင်းစိုက်ခင်းများအတွက် စပ်ပိုးကျရောက်မှုကိုပိုမိုတွေ့ရှိရပြီးယင်းစစ်ပိုးများသည်ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးစနစ်ကိုလိုလားကြသည်။

ကျေးရွာတွင်ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာ (၁၂)အိမ်သာသာရှိပြီး ဒေသမှဝက်မျိုးများကိုမွေးမြူကြသည်။ ဒေသကြက်မွေးသည့်အိမ်ထောင်စုလည်း တစ်ရွာလုံး၏(၂၀%)ခန့်ရှိ ပြီးဈေးကွက်တွင်ဝယ်လိုအားရှိသည်။ရာသီအလိုက်ဖြစ်ပွားတတ်သောတိရစ္ဆာန်ရောဂါများအထူးသဖြင့် ကြက်လည်လိမ်ရောဂါသည်အဖြစ်များပြီးရောဂါကြောင့်သေဆုံးပျက်စီးမှုများရှိတတ်သည်။နည်းပညာ ဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင် ရွက်ပေးနိုင်မှုအားနည်းသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာအဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူမရရှိနိုင် ကြချေ။ရွာထဲမှငွေချေးသူများထံမှချေးငှားလျှင်အတိုးနှုန်းမြင့်မားတတ်သည်။ကျေးရွာတွင်မွေးမြူရန်နေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းမရှိပါ။

စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်းခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့်အမျိုးအစားအလိုက်တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။လက်လုပ်လက်စားအလုပ်များမှာစိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်များပြီးကျန်အချိန်များတွင်အလုပ်အကိုင်နှင့်ဝင်ငွေအမှန်ခြင်းကြောင့်တွက်ခြေကိုက်မှုနည်းသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြီးထိုအခြေအနေမှာကျေးရွာ၏အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင်သက်မွေးဝမ်းကျောင်းသင်တန်းများအချို့ရှိသော်လည်းဝန် ဆောင်မှုပေး

နိုင်သောလုပ်ငန်းများမရှိ။အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်လျော့စသည်တို့သည်သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သော်လည်းရွာသားအများစုသည်အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်းအနည်းငယ်နိမ့်ကျကြပြီးသင်တန်းစရိတ် အကုန်အကျခံရန်နှင့်လုပ်ငန်း ထူထောင်ရန်လည်းမတတ်နိုင်ကြချေ။ငွေကြေးအဆင်ပြေသောအိမ် ထောင်စုအချို့သာအပ်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့အခကြေးငွေအကုန်ကျခံကာပို့လွှတ် သင်ကြားကြသည်။

(ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင်ကြုံစိုက်ခင်းများတွင်အဖျက်ပိုးများကြောက်တတ်ခြင်းကြောင့်ပိုးသတ် ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစားဓာတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများ ပြားသည်။ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့်သဘာပတ်ဝန်းကျင်အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

တောင်ပေါ်ဒေသဖြစ်ခြင်းကြောင့်မုန်တိုင်းဘေးအန္တရယ်တို့နည်းပါးသည်။အားပျော့သောမုန် တိုင်းဝင်ရောက်မှုသာတစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာကျရောက်တတ်သော မိုးခေါင်ခြင်းကသဘာဝ အန္တရယ်တစ်ရပ်အနေဖြင့်ရှိနေဆဲဖြစ်ပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည်မြန်မာ့စိုက်ပျိုးရေးဘဏ်မှထုတ်ချေးသောချေးငွေကိုတစ်နှစ်အတိုး နှုန်း ၅ကျပ်တိုးနှင့်တစ်ဧကတစ်သိန်းဖြင့်အများဆုံး(၅)ဧကအတွက်ချေးယူနိုင်ကြသည်။ကျေးရွာတွင်မြန်မာ့ငွေရေးကြေးရေးအပြည်ပြည်ဆိုင်ရာကုမ္ပဏီမှလာရောက်ဖွဲ့စည်းပေးသောမြန်မာ့ငွေရေးကြေးရေးအဖွဲ့ဖွဲ့စည်းထားပြီးအဖွဲ့ဝင်(၂၀)ဦးရှိကာတစ်နှစ်အတိုးနှုန်း ၁၀%ဖြင့်အသင်းဝင်များငွေချေးနိုင်ကြသည်။တချို့အိမ်ထောင်စုများမှာရွာထဲမှငွေတိုးချေးစားသူများထံမှတစ်ရာ့စ်အတိုးနှုန်း ၁၀%မှ ၂၀ % ဖြင့်လည်းကောင်း၊ မိတ်ဆွေ၊မိသားစုဝင်များမှတစ်နှစ်အတိုးနှုန်း၅%ခန့်ဖြင့်လည်းကောင်းချေးယူနိုင်ကြသေးသည်။ကျေးရွာတွင်သမအသင်းကိုဖွဲ့စည်းထားခြင်းမရှိသေးပါ။

ကျေးရွာသားအများစုသည်ချေးငွေကိုအကြောင်းမျိုးစုံ(ရိက္ခာ၊ပညာရေး၊ကျန်းမာရေး)တို့အတွက်အထူးသဖြင့်စားနပ်ရိက္ခာအတွက်ချေးယူကြပြီးကျေးရွာတွင်ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရသည်။

ကျေးရွာတွင်အကြွေးထားရှိမှုအနေအထားကိုလေ့လာဆန်းစစ်ချက်အရပါဝင်သောဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများသည်အကြွေးယူထားကြပြီး အကြွေးငွေ နှစ်သောင်းမှ (၅)သိန်းအထိချေးယူ ထားကြကြောင်းတွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်မူလတန်းနှင့်အလယ်တန်းကျောင်းမှာအလျား၄၅၀ပေ၊အနံ(၃၂)ပေ၊အမြင့်၁၂ပေအရွယ် ရှိသွပ်မိုး၊ အုတ်ကာနှင့်တမံတလင်းအခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ ရွာသား‌အား‌လုံး‌မှာ‌ရေး တတ်ဖတ်တတ်ကြပြီး‌လူဦး‌ရေ‌အား‌လုံး‌၏ (၁%)မှာဘုန်းကြီးကျောင်းပညာရေးသာရရှိထားကြသည်။မူလ တန်းအောင်ရာခိုင်နှုန်းမြင့်မား‌သည်။ယခုနှစ်ကျောင်းနှံသည့်နှုန်းထား‌သည်ကျေးရွာရှိမူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ရှိသူအရေအတွက်ထက်ပိုနေကြောင်းတွေ့ရကာ၄င်းကာ မူလတန်းတွင် ၉နှစ်၊အလယ် တန်း တွင်၁၄နှစ်ထက်ကြီးသောကျောင်းသား‌များရှိနေခြင်း ၊ ကျေးရွာမှကျောင်းသား‌များတက်ရောက်နေကြ ခြင်းတို့ကြောင့်ဖြစ်သည်။ ကျောင်းတွင်ပရိဘောဂလုံလောက်ပြီ မူလတန်းပြ ဆရာ/မဦး‌ရေ( )ဦး အလယ်တန်းဆရာ/မဦး‌ရေ( )ရှိသဖြင့်ကျောင်းတွင် တပည့်ဆရာအချိုးသည် လုံလောက်မှုရှိသည်။လွန်ခဲ့ သောကျောင်းဖွင့်ရာသီကမူလတန်းကျောင်းသား‌များအတွက်ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ် များကိုအခမဲ့ပံ့ပိုးခဲ့သည်။

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဆေးခန်းရှိသည်။ဆမလက်မှတ်ရဆရာဝန်တစ်ဦးထိုင်သောပုဂ္ဂ လိကဆေးခန်းတစ်ခုလည်းဖွင့်ထားသဖြင့်ရွာသူရွာသား‌များအတွက်ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီ သည်။

သောက်ရေအတွက်လက်နှိပ်တုံကင်၊မော်တာသုံးတုံကင်၊ရေတွင်း‌များတပ်ဆင်သုံးစွဲကြပြီးလုံလောက် မှုရှိသည်။ချမ်းသာသောအိမ်ထောင်စု‌များကအိမ်သာကိုအုတ်ဖြင့်ဆောက်လုပ် ထားကြသည်။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွား‌တတ်သော ရောဂါဖြစ်ပွား‌မှုနည်း သည်။စာသင်ကျောင်းတွင်လည်းကျောင်းအိမ်သာမှာစနစ်တကျဆောက်လုပ်ထားပြီးကျောင်းသား/သူများ‌အ တွက်အသုံးပြုရန်လွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များ‌အတွက်အပန်းဖြေအနာ‌ယူနိုင်မည့်အနေအထား‌သိုသန့်မရှိပေ၊သူတို့သည်ကျေးရွာရှိလူမှု ရေးလုပ်ငန်း‌များတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးဘာသာရေးပွဲတော်များတွင်လည်းရိုးရာအကများဖြ င့်တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း‌များ‌အတွက်ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသိုးသ န့်ဖော်ဆောင်ခြင်းမရှိသေးချေ။

(ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

၂၀၁၁ ခုနှစ်က ၁ မိုင်ရှိကတ္တရာလမ်းကိုအစိုးရကခင်းပေးခဲ့သည်။ကျေးရွာရှိရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီးထော်လာဂျီများကိုအသုံးပြုမောင်းနှင်ကြသည်။ရေလမ်းခရီးအသုံးပြုမှုမရှိဘဲလမ်းပန်း ဆက်သွယ်ရေးအတွက်မော်တော်ဆိုင်ကယ်(၁၀၀)စက်ဘီး(၅၀)စီး၊ထော်လာဂျီ(၂၂)စီးနှင့်ထရပ်ကား(၉)စီး တို့ကိုအသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင်လျှပ်စစ်မီးများမရသေးပါ။ကျေးရွာတွင်မိုဘိုင်ဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုဆိုင်ကယ်(၁၀၀)စက်ဘီး(၅၀)စီး၊ထော်လာကျီ(၂၂)စီးနှင့်ထရပ်ကား(၉)စီးတို့ကိုအသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင်လျှပ်စစ်မီးများမရသေးပါ။ကျေးရွာတွင်မိုဘိုင်ဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင်အင်တာနက်၊အသုံးပြုနိုင်မှုမှာအသင့်အတင့်မျှသာကောင်းမွန်ပြီးအခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။ရွာသားများသည်သတင်စာ၊ဂျာနယ်တို့ကိုလည်းဝယ်ယူဖက်ရှုနိုင်ကြပြီးတစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာအတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရှိရသည်။

(စျ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်း ဝယ်မှုချောမွေ့သည်။သို့သော်ရွာသားများသည် မိုဘိုင်းဖုန်းနှင့်ဆက်သွယ်ရေးကိုအသုံး ပြုနိုင်ကြပြီးလိုအပ်သောသတင်းအရင်းအမြစ်များအတွက်လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ သတင်းအချက်အလက်များအနည်းငယ်သိရှိရသည်။ကျေးရွာတွင်သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များထားဖြင်းမရှိ ။ရွာသားများသည် ရဲစခန်းသို့အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွား ခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင်လျှပ်စစ်မီးမရသေးပါ။လျှပ်စစ်မီးရရှိကကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်း၊လူနေမှုမြှင့်ခြင်းစသောအကျိုးကျေးဇူးများရရှိလာမည်ဖြစ်သည်။

လူငယ်ပညာတတ်များရှိပြီးလူဦးရေအာလုံး၏ ၇၇%မှာအလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်အသင့်တင့်ရှိပြီးကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်းသင်တန်းများကိုလူငယ်များကိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့်လူသားအရင်းမြစ်များတိုးတက်ကောင်းမွန်စေသည်။ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှယေဘူယျအားဖြင့်ကောင်းမွန်ပြီးကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုများလက်လှမ်းမီသည်။ကျေးရွာသားများအနေဖြင့်စိုးရိမ်ရသောဆေးဝါးကုသမှုများအတွက်လည်းဆေးရုံသို့အလွယ်တကူသွားရောက်ပြီးဆေးကုသမှုများခံနိုင်သည်။ကျေးရွာရှိလက်ရှိပညာရေးအနေအထားသည်ကောင်းမွန်ကြောင်းတွေ့ရှိရသည်။

သဘာဝအရင်းအမြစ်များတွင်လယ်မြေများသည်တောင်ပေါ်ဒေသတွင်ဖြစ်ပြီးမြေဆီသြဇာအသင့်အတင့်ကောင်းမွန်၍စိမ့်စမ်းရေကိုအသုံးပြုနေကြသည်။တောင်သူများလည်းလယ်ယာထွက်ကုန်များကိုအလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။မိုးရွာသွန်းမှုမှာ စပါးနှင့်ဆောင်းသီးနှံများစိုက်ပျိုးရန်အထောက်အပံ့ဖြစ်သည်။ကျေးရွာတွင်စိမ့်စမ်းရေဖြင့်ရေခဲ(၁၃)စကိုရောင်းစိုက်ပျိုးနိုင်သည်။ကျေးရွာရှိထုတ်ကုန်များကိုနောင်ချိုမြို့ပေါ်သို့ကားလမ်းဖြင့်တင်ပို့ရောင်းချနိုင်သည်။လမ်းပန်းဆက်သွယ်ရေးမှာကတ္တရာလမ်း

ဖြစ်သော်လည်း ဒေသထွက်ကုန်များတင်ပို့သောကား များနှင့် ထော်လာဂျီ၊ဆိုင်ကယ်များအတွက်မူကျဉ်း မြောင်းလှသည်။ကျေးရွာတွင်တစ်နိုင်တစ်ပိုင်စျေးဆိုင်နှင့်ထော်လာဂျီဆိုင်ကယ်ဝပ်လျော့များကိုလည်းတွေ့ရှိ ရသည်။ကျေးရွာသားများအနေဖြင့်လွယ်လင့်တကူစျေးဝယ်နိုင်ခြင်းနှင့်စက်ပစ္စည်းများကိုပြင်ဆင်နိုင်သည့်

ကျေးရွာတွင်အိမ်တွင်းမှထုတ်ကုန်လုပ်ငန်းများမရှိသဖြင့်အလုပ်အကိုင်ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေသည်။ဒေသတွင်လည်းအိမ်တွင်းမှထုတ်ကုန်လုပ်ငန်းအတွက်တတ်သိပညာအား နည်း နေသည်ကိုတွေ့ရသည်။

(ခ) အဟန့်အတား နှင့် စိန်ခေါ်မှု

ကျေးရွာတွင်လယ်ယာမြေများမှာမြေဆီလွှာအသင့်တင့်ကောင်းမွန်သည်။အခြားသံယံဇာတမထွက်ပါ ။ကျေးရွာတွင်းသုံးစွဲရန်အတွက်ရွာ၏မြောက်ဘက်တွင်ကျောက်တောင်တစ်တောင်သာရှိသည်။လယ်ယာမြေ များကိုထပ်မံတိုးချဲ့ရန်ကွက်လပ်လွတ်များမရှိတော့ပါသဖြင့်အထွက်နှုန်းတိုးတက်ရကိုသာလယ်သမား များ ကကြိုးစားကြရပေမည်။ရေသွင်းစိုက်ပျိုးမှုအတွက်စိမ့်စမ်းရေနှင့်ချောင်းရေမှာလုံလောက်မှုမရှိပါ။စိုက်ပျိုး ရေးကုမ္ပဏီကြီးများကနည်းပညာအကူအညီဟောပြောပွဲများပြုလုပ်ပေးသော်လည်းအချို့သောစိုက်ခင်းများ တွင်ရောဂါပိုးကျရောက်ခြင်းနှင့်သီးနှံအထွက်နှုန်းနဲပါးနေဆဲဖြစ်သည်။ပုဂ္ဂလိကဘဏ်များမှအတိုးနှုန်း သက်သာစွာကိုအနည်းငယ်ဖြင့်အားထားနေရပါသည်။ချေးငွေလိုသောအိမ်ထောင်စုများကချေးယူရာတွင် ခိုင်လုံသောအထောက်အထားပုံစံ(၇)ကိုပြရပါသည်။အများစုသောတောင်သူများမှာပုံစံ(၇)မရရှိသေးပါ။ထိုအ တွက်ကြောင့်နိုင်ငံတော်မှအတိုးနှုန်းသက်သာသောချေးငွေရရှိဖို့အတွက်များစွာခက်ခဲနေဆဲဖြစ်သည်။

ကျေးရွာတွင်အိမ်တွင်းမှထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးမှာမလွယ် ကူသေးပါ။ကျေးရွာတွင်အိမ်တွင်းထုတ်ကုန်လုပ်ငန်းများအတွက်နည်းပညာတတ်သိမှုကျွမ်းကျင်မှုမှာအား နည်းသည်။စျေးဆိုင်များလည်းငွေကြေးအရင်းနှီးနည်းသည်ကိုတွေ့ရသည်။၄င်းအပြင်ကြွေးမှိုများလည်းပေး ရသည်ကိုတွေ့ရသည်။

ကျေးရွာတွင်ထော်လာဂျီနှင့်ဆိုင်ကယ်ဝပ်လျော့များအနည်းငယ်ရှိသော်လည်းလျှပ်စစ်မတ်အားလိုင်း မှမီးမရရှိသောကြောင့်အခြားကားနှင့်တွင်ခုံလုပ်ငန်းများမှာသာလာရောက်ထူထောင်နိုင်ခြင်းမရှိပေ။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ် တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁)ကျွန်ုပ်တို့ရွာလူထုသည်ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊အလုပ်အကိုင်ဖန်တီးခြင်း၊သက်မွေးပညာသင် တန်းများရရှိခြင်းမှတစ်ဆင့်ဝင်ငွေရွာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားတိုးတက်ရရှိ စေမည်။

(က.၂)ကျွန်ုပ်တို့ရွာလူထု၏ စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ် များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကိုကျယ်ဝန်းလာစေရမည်။

(က.၃)ကျွန်ုပ်တို့ကျေးရွာလူတုသည်သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီးကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုတိုးတက်လာရမည်။

(က.၄)ကျွန်ုပ်တို့ရွာလူထုသည်သက်မွေး ကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီးကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှ တစ်ဆင့်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုတိုးတက်လာရ မည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁)ကျေးရွာတွင်အရင်းအနှီးငွေနည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကိုဆောင်ရွက် ပြီးစိုက် ပျိုးရေးကိုတိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက် မြို့နယ်ဘဏ် များ၊ ရင်းနှီးငွေရရှိနိုင်ရန်အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေများရရှိပါကစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက်ခွဲဝေချထားပေးမည်။အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာသင်တန်းများ တက်ရောက်နိုင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများကတစ်ဖန်ကျေး ရွာတွင်အသုံးချကာလုပ်မှုတိုး တက်စေမည်။

(ခ.၂)ကျန်ုပ်တို့သည်အပ်ချုပ်၊ဇာထိုးပန်းထိုး၊ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင် ကယ်ပြင် နှင့်မိုဘိုင်းဖုန်းပြင်စသောသင်တန်းများတက်ရောက်နိုင်ရန်သင့်တော်သောသင်တန်းသား များကိုတက်ရောက် နိုင်ရန်စီစဉ်ပေးမည်။ထိုသင်တန်းများသည်သင်တန်းသားများအတွက်ကျွမ်းကျင် မှုများတိုးပွားစေပြီး ဝင်ငွေ ရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန်အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ် ဆက်ပေးမည်။

(ခ.၃)ကျေးရွာတွင်ကျေးရွာလမ်းနှင့်ကျေးရွာစျေးဆောက်လုပ်ကာကျေးရွာ၏အခြေခံအဆောက်အဦ များတိုး တက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်သွာမည်။တစ်ချိန်တည်းတွင်ကျေးရွာအဆောက်အဦများကို အသုံး ပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက်စီမံခန့်ခွဲနိုင်စွမ်းကိုလည်းတိုးတက်အောင်ဆောင်ရွက် သွားမည်။ ကျေးရွာ လူမှုအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကိုအထောင်အထည် ဖော်စီမံခန့်ခွဲနိုင်ရန် ဆောင် ရွက်မှုစွမ်းရည်များပိုမိုရရှိအောင်ဆောင်ရွက်ရန်တိုက်တွန်းအားပေးဆောင် ရွက်သည်။

(ခ.၄)ကျေးရွာတွင်ကျေးရွာလမ်းနှင့်ကျေးရွာအခြေခံအဆောက်အဦများတိုးတက်ကောင်းမွန်လာရေးအတွက် ဆောင်ရွက်သွားမည်။တစ်ချိန်တည်းတွင်ကျေးရွာအဆောက်အဦများကိုအသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအ တွက်စီမံခန့်ခွဲနိုင်စွမ်းကိုလည်းတိုးတက်အောင်ဆောင်ရွက်သွားကြမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကို လည်းကျေးရွာအခြေပြုလုပ်ငန်းများကိုအကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှုစွမ်းရည်များပိုမို ရရှိအောင်ဆောင်ရွက်ရန်တိုက်တွန်းအားပေးဆောင် ရွက်သည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ထိုမှတစ်ဆင့်ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်း များကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပံ့မှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီး သည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင်စပါးအပြင် ကြံနှင့်ပြောင်းကိုသီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်များရောင်းချသည့်ပုဂ္ဂိုလိကအရောင်းဆိုင်များကိုမှိုခိုအားထားမှုပိုများသည်။သီးနှံဖျက်ပိုးမှုနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာအသုံးပြုပုံများအပါအဝင်ပိုးမွှား နှိမ်နင်းရေး နည်းပြာအသစ်ရရှိရေးအတွက်စိုက်ပျိုးရေးဦးစီးဌာနကဦးစီးဦးရွက်ပြု သင့်သည်။

(ဂ)ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူများနှင့်တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန်စနစ်ပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင် များသည်စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက်အထိုက် အလျောက်များပြားသည့်ချေးငွေလိုအပ်သည်။ကျေးရွာတွင်သမအသင်းဖွဲ့စည်းထားဖြင်းမရှိသေးသဖြင့်မြို့ နယ်သမအသင်းကချေးငွေလိုအပ်သူရွာသားများအတွက်ချေးငွေအစီအစဉ်ကိုဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

မာတိကာ

မာတိကာ ၂

စကားချီး ၄

အထက်ကြူးအင်း ကျေးရွာသယံဇာတပြမြေပုံ၊ နောင်ချိုမြို့နယ် ၅

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

ကျေးရွာတွင်အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီးအလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန်အထူးသဖြင့်လူငယ်နှင့်အမျိုးသမီးများအတွက်အခွင့်အလမ်းရှိသည်။သို့သော်ငင်း တို့တွင်လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်းအချက်အလက်များလက်လှမ်းမီမှုတွင်အားနည်းသည်။ကျေးရွာတစ်ခုလုံး၏အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်း)အတွက်လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကိုကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ထည့်သွင်းရေးဆွဲရန်ခက်ခဲသည်။ကျေးရွာမှအသေးစားလုပ်ငန်းများအတွက်အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များယခုချိန်အဆင်သင့်မတွေ့ရသေးပါ။နိုင်ငံတော်အစိုးရအနေဖြင့်လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့အနေဖြင့်လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီးမြို့နယ်အဆင့်စီမံခန့်ခွဲရေးလိုအပ်သည်။ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင်အဖွဲ့နှင့်တိုးချဲ့ပညာပေးရေး၊ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီးမြို့နယ်ဒေသမှသည်ကျေးရွာအထိလိုအပ်သောစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက်လုံလောက်သောရန်ပုံငွေလည်းရပါသည်။

စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ယခုချမှတ်ထားသောငါးနှစ်တာစီမံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်ကာတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည်ပြင်းထန်သောသဘာဝဘေးအန္တရယ်ကဲ့သို့ထိခိုက်စရာများအပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲနောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြမည်။

(ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည်

စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်- ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ ကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင် သာမန်အသုံး စရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ် နှင့်လူသားချင်း စာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

ကျေးရွာသည်ဤစီမံကိန်းအတွက်အကောင်အထည်ဖော်အစပြုဖော်နေကြသည်။ငွေကြေးအတွက် အခက်အခဲတွေ့နေသည်။ထို့ကြောင့်စီမံကိန်းဦးစီးဌာနနားလည်ရန်လိုအပ်ပါသည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေး အဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့်အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
လမ်းတံတား၊ရေလေးရေး					
ရွာတွင်းလမ်း မကောင်းခြင်း	မြေသားလမ်းဖြစ်ခြင်း ွေကြေးချိုတဲ့ခြင်း	• ပွင့်လင်းရာသီတွင်သွားရန် လွယ်ကူခြင်း၊လမ်းရှိခြင်း	• မိုးရာသီသွားလာရခက်ခြင်း၊လမ်းရေမြောင်းမရှိခြင်းကြောင့်လမ်းပျက်ခြင်း	• လမ်းကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊လမ်းတံတားများပြုပြင်ထိန်းသိမ်းခြင်း	ရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းတံတားများကောင်းမွန်ရေးစီမံချက်
သန့်ရှင်းသောရေမလုံလောက်ခြင်း					
ရေမလုံလောက်ခြင်း	• ပျက်စီးလွယ်ခြင်း • ွေကြေးမလုံလောက်ခြင်း	• မိုးရာသီတွင်ရေလုံလောက်စွာရရှိခြင်း	• နွေရာသီရေမဖူလုံခြင်း	• ကျေးရွာကော်မတီဖွဲ့စည်း၍ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေးစီမံချက်
ရေလွှဲဆည်ပြုပြင်ရန်	• နှည်းပညာနှင့်ွေကြေးမလုံလောက်ခြင်း	• မိုးရာသီတွင်ရေလုံလောက်စွာရရှိခြင်း	•	ကျေးရွာကော်မတီဖွဲ့စည်း၍ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေးစီမံချက်
ဆေးဆေးခန်းတည်ဆောက်ရန်	•	•	•	•	
လျှပ်စစ်မီးရရှိရန်	•	•	•	•	
စိုက်ပျိုးရေးကိရိယာရရှိရေး	•	•	•	•	

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက်	မှတ်ချက်
လမ်းတံတား ကောင်းမွန်ရေး	၁။ကျေးရွာလမ်းတံတားတည်ဆောက်ခြင်း	၁၀၀	၁	ရွာတွင်းလမ်းသွားလာရေးလွယ်ကူစေရန်ပြုပြင်ခြင်း	*ကျေးလက် ဦးစီးဌာန
သောက်သုံးရေလုံလောက်စွာရရှိရေး					
သောက်သုံးရေလုံ လောက်အောင် ရရှိနိုင်ရေး	ရေပိုက်သွယ်တန်းခြင်းနှင့်ရေကန်တည်ဆောက် ခြင်း	၉၂	၂	စိမ့်စမ်းရေသွယ်တန်းခြင်းနှင့်ရေကန်တည်ဆောက်ခြင်း	• ကျေးလက် ဦးစီးဌာန
စိုက်ပျိုးရေး	ရေလွှဲဆည်ပြုပြင်ခြင်းနှင့်စိုက်ပျိုးရေးကိရိယာ များ	၇၄	၃	• စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ပြီးစိုက်ပျိုးရေးသွင်း အားစုများဆက်သွယ်ရရှိရန်နှင့်ဈေးကွက်သတင်းချိတ်ဆက်ခြင်း	• စိုက်ပျိုးရေး ဦးစီးဌာန

		•			ဘုရားရှိခိုးခန်း:
ရုံးခန်းများ:	• ရေချိုးခန်း: ၂ ခန်း၊ အိမ်သာ: ၂ ခန်း၊ ဧည့်ခန်းနှင့် စားပွဲခုံ: ၁ ခု၊ ရေခဲသေတ္တာ: ၁ လုံး၊ ရေနွေးအိုး: ၁ လုံး၊ ရေအိုး: ၁ လုံး၊ ပန်ကာ: ၂ လုံး၊ ရေတိုင်ကီ: ၁ လုံး၊ ရေပန်းတွင်းရေ: ၁ တွင်း၊ ရေတွင်းအိုး: ၁ လုံး၊ ရေတွင်းကြိုး: ၁ ချောင်း၊ ရေတွင်းတုတ်: ၁ ချောင်း၊ ရေတွင်းခြင်း: ၁ ခြင်း၊ ရေတွင်းခုံ: ၁ ခုံ၊ ရေတွင်းခွက်: ၁ ခွက်၊ ရေတွင်းဝန်းကျင်ကို ခြံစည်းရိုးခတ်ထားသည်။	၂၂	၄	ရုံးခန်းများ:
					လျှပ်စစ်မီး:
ရုံးခန်းများ:	• ရေချိုးခန်း: ၂ ခန်း၊ အိမ်သာ: ၂ ခန်း၊ ဧည့်ခန်းနှင့် စားပွဲခုံ: ၁ ခု၊ ရေခဲသေတ္တာ: ၁ လုံး၊ ရေနွေးအိုး: ၁ လုံး၊ ရေအိုး: ၁ လုံး၊ ပန်ကာ: ၂ လုံး၊ ရေတိုင်ကီ: ၁ လုံး၊ ရေပန်းတွင်းရေ: ၁ တွင်း၊ ရေတွင်းအိုး: ၁ လုံး၊ ရေတွင်းကြိုး: ၁ ချောင်း၊ ရေတွင်းတုတ်: ၁ ချောင်း၊ ရေတွင်းခြင်း: ၁ ခြင်း၊ ရေတွင်းခုံ: ၁ ခုံ၊ ရေတွင်းခွက်: ၁ ခွက်၊ ရေတွင်းဝန်းကျင်ကို ခြံစည်းရိုးခတ်ထားသည်။	၂၂	၄	ရုံးခန်းများ:
					လျှပ်စစ်မီး:
ရုံးခန်းများ:	• ရေချိုးခန်း: ၂ ခန်း၊ အိမ်သာ: ၂ ခန်း၊ ဧည့်ခန်းနှင့် စားပွဲခုံ: ၁ ခု၊ ရေခဲသေတ္တာ: ၁ လုံး၊ ရေနွေးအိုး: ၁ လုံး၊ ရေအိုး: ၁ လုံး၊ ပန်ကာ: ၂ လုံး၊ ရေတိုင်ကီ: ၁ လုံး၊ ရေပန်းတွင်းရေ: ၁ တွင်း၊ ရေတွင်းအိုး: ၁ လုံး၊ ရေတွင်းကြိုး: ၁ ချောင်း၊ ရေတွင်းတုတ်: ၁ ချောင်း၊ ရေတွင်းခြင်း: ၁ ခြင်း၊ ရေတွင်းခုံ: ၁ ခုံ၊ ရေတွင်းခွက်: ၁ ခွက်၊ ရေတွင်းဝန်းကျင်ကို ခြံစည်းရိုးခတ်ထားသည်။	၂၂	၄	ရုံးခန်းများ:
					လျှပ်စစ်မီး:

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင် အထည် ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လမ်းတံတားကောင်းမွန်လာစေရေး	၁	✔	✔	✔		
၂	သောက်သုံးရေလုံလောက်စွာရရှိရေး	၂	✔	✔	✔	✔	✔
၃	ရေလွှဲဆည်ပြုပြင်ခြင်း	၃	✔	✔	✔	✔	✔
၄	ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း	၄	✔	✔	✔	✔	✔
၅	မဟာဓာတ်အားလိုင်းမှမီးသွယ်တန်းခြင်း	၅	✔	✔	✔	✔	✔
၆	စိုက်ပျိုးရေးကိရိယာများအရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိနိုင်ရေး	၆	✔	✔	✔	✔	✔

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာအဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို

ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသား၊မဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျတ်(အကြမ်းတွက်ချက်မှုများသာဖြစ်ပါသည်– သတ်ဆိုင်ရာဌာနများမှ နည်းပညာအကူအညီနှင့် အသေးစိတ်တွက်ချက်မှု၊ အကြံပြုချက်များတောင်းဆိုပါသည်)

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	လမ်းတံတားကောင်းမွန်လာစေရေး	၅၀ သိန်း	၁၅ သိန်း	၁၀၀သိန်း	-	-
၂	သောက်သုံးရေလုံလောက်စွာရရှိရေး	၃၀ သိန်း	၁၀ သိန်း	၂၀သိန်း	-	-
၃	ရေလွှဲဆည်ပြုပြင်ခြင်း	၂၅၀ သိန်း	၅၀ သိန်း	၂၀၀သိန်း		
၄	ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း	၄၀ သိန်း	၅ သိန်း	၃၅ သိန်း	-	-
၅	မဟာဓာတ်အားလိုင်းမှမီးသွယ်တန်းခြင်း	၁၀၀ သိန်း	၁၅ သိန်း	၈၅ သိန်း	-	-
၆	စိုက်ပျိုးရေးကိရိယာများအရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိနိုင်ရေး	၁၀၀ သိန်း	၁၀ သိန်း	၉၀ သိန်း	-	-

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြိုးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်မှတ်မှတ်ကိစ္စများကိုသာကြိုးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြိုးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြိုးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။

ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး အတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့်တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေး အတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက် ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့် အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။လူထုဗဟိုပြု၍အား လုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင် စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ ရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည်

၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကိုရွာလူထုအစည်းအဝေးဌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။

(၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတား‌များနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာ တိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်

(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထား ဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သား‌များပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကိုဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့် အလမ်းကိုလည်းရရှိပါမည်။

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့်ဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၉

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၃၀

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၂

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား များ ၃၅

နောက်ဆက်တွဲ (၂) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် ၉၀

နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ စာရင်း ၉၆

ကိုးကားစာရင်း ၉၆

ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၁၆	၁၈	၃၄	၂.၆၀ %
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၆၉	၅၇	၁၂၆	၉.၆၇ %
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၆၅	၆၈	၁၃၃	၁၀.၂၀ %
၉ နှစ်အထက်မှ ၁၅ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၉၃	၈၂	၁၇၅	၁၃.၄၃ %
၁၅ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၆၈	၄၁၇	၇၈၅	၆၀.၂၄ %
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၆	၂၄	၅၀	၃.၈၃ %
စုစုပေါင်း လူဦးရေ		၆၃၇	၆၆၆	၁၃၀၃	၁၀၀%
စုစုပေါင်း အိမ်ထောင်စု - ၃၁၀		တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၂၀			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။

၂၀၁၆ ခု နှစ် ၊ စက်တင်ဘာလအတွင်း ကောက်ယူသော အင်းဝိုင်းကျေးရွာ၏ လူဦးရေနှင့် အိမ်ထောင်စုဆိုင်ရာ အချက်အလက်စာရင်းအရ စုစုပေါင်း လူဦးရေသည် (၁၃၀၃) ယောက်ဖြစ်ပြီး အမျိုးသားဦးရေ (၆၃၇) ယောက် နှင့် အမျိုးသမီး (၆၆၆) ယောက်ဖြစ်သဖြင့် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေ ထက် (၂၉) ယောက်ပိုများနေပါသည်။လူဦးရေအချိုးအစားအလိုက် ရာခိုင်နှုန်းများကို အထက်ဖော်ပြပါ ဇယား၌ တွေ့ရှိနိုင်ပါသည်။

ဖော်ပြပါဇယားကို ကြည့်ရှုခြင်းအားဖြင့် ထူးခြားစွာတွေ့ရှိရသည်မှာ အလုပ်လုပ်နိုင်သည့် အရွယ်မှာ စုစုပေါင်းလူဦးရေ (၁၃၀၃) မှ (၇၈၅) ရှိသဖြင့် (၆၀.၂၄%)ရာခိုင်နှုန်းအားဖြင်လည်း သိသိသာသာ များပြားသည်ကို တွေ့ရှိရပါသည်။အလုပ်လုပ်ကိုင်သူဦးရေ များပြားသဖြင့် ယနေ့အကောင်အထည် ဖော်ရေးဆွဲနေသော အင်းဝိုင်းကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို အထောက်အကူဖြစ်၍ ပိုမို အောင်မြင်ကာ အင်းဝိုင်းကျေးရွာ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်ကောင်းများကို ဖန်တီး နေသကဲ့သို့ ဖြစ်ပါသည်။

ပို၍ထူးခြားသည်မှာ အင်းဝိုင်းကျေးရွာ၏ အိမ်ထောင်စု ပျမ်းမျှလူဦးရေသည် (၄.၂၀) ယောက် ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ အိမ်ထောင်စုလူဦးရေ (၅) ယောက်အောက်ရှိနေသည်ကိုလေ့လာတွေ့ရှိရပါ သည်။ထိုကြောင့် ခေတ်သစ်စနစ်သစ်နှင့်အညီ အရှိန်အဟုန်ပြောင်းလဲတိုးတက်တေသော အချိန်တွင် မကြာမီကာလတစ်ခု၌ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ရပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ် အား		
၁	စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)					
	ကိုယ်ပိုင် လုပ်ငန်း	၂၀၆	၆၆.၉၀	၄၂၇	၂	လယ်ယာ၊ ဥယျာဉ်၊ နှစ်ရှည်စိုက်ပျိုးခြင်း
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၆၁	၁၉.၈	၁၁၇	၆	
၂	မွေးမြူရေး					
	ကိုယ်ပိုင် လုပ်ငန်း				၇၇	ကြက်ခြံ၊ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေး (၇၅ဦး)၊ တိမွေးကုလုပ်သား
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၃	ငါးဖမ်း လုပ်ငန်း					
	ကိုယ်ပိုင် လုပ်ငန်း	၀			၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀			၀	
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း					
	ကိုယ်ပိုင် လုပ်ငန်း	၂၂	၇.၁၄	၄၇	၀	ထုံးကျောက်တူးနှင့် ထုံးဖုတ်လုပ်ငန်း၊ မှော်တွင်းသို့သွားရောက်ရွေ၊ကျောက်တူးခြင်း
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂	၀.၆၅	၃	၂	
၅	ထုတ်ကုန်လုပ်ငန်း					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၆	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ် အား		
	ကိုယ်ပိုင် လုပ်ငန်း	၀			၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀			၀	
၇	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၃၂	၁	၄	လက်သမား၊ပန်းရံ၊ တွင်ခုံ
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀		၀	၂	
၈	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး					
	ကိုယ်ပိုင် လုပ်ငန်း				၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၁	ဝပ်ရှော့လုပ်သား
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)					
	ကိုယ်ပိုင် လုပ်ငန်း	၀		၀	၁	စက်ချုပ်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀		၀	၀	
၁၀	လက်လီ-လက်ကား ရောင်းဝယ်ရေး					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၁	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း					
	ကိုယ်ပိုင် လုပ်ငန်း				၈	စားသောက်ကုန် နှင့် ဈေးရောင်း
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၀	
၁၂	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး					
	ကိုယ်ပိုင် လုပ်ငန်း				၈၆	ထွန်စက်၊ပြောင်းနှင့် ြိုတင်ရန်ကားအငှား လိုက်၊
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၁	ယာဉ်မောင်း
၁၃	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ် အား		
	ကိုယ်ပိုင် လုပ်ငန်း	၀			၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀			၀	
၁၄	အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ					
	ကိုယ်ပိုင် လုပ်ငန်း	၀			၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀			၀	
၁၅	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)					
	ကိုယ်ပိုင် လုပ်ငန်း	၀		၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၃	ဝန်ထမ်းများ၊ ရဲဝန်ထမ်း
၁၆	ပညာရေး					
	ကိုယ်ပိုင် လုပ်ငန်း	၀		၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၇	ကျန်းမာရေး					
	ကိုယ်ပိုင် လုပ်ငန်း	၀			၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀			၀	
၁၈	လူမှုရေး လုပ်ငန်းများ					
	ကိုယ်ပိုင် လုပ်ငန်း	၀			၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀			၀	
၁၉	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ					
	ကိုယ်ပိုင် လုပ်ငန်း	၀		၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၆	၅.၁၉	၄၀	၁၀	ကျပန်းအလုပ်သမားများ၊ တရုတ်ပြည်နှင့် နယ်စပ်တွင်အလုပ်သွားလုပ်သူများ
၂၀	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)					
	ကိုယ်ပိုင် လုပ်ငန်း	၀		၀	၀	
	အလုပ်သမား၊ ကျပန်း၊			၀	၂	အေးရှားဝေါလ်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ် အား		
	ရာသီအလိုက် အလုပ်သမား:					ကုပ္ပဏီ
	စုစုပေါင်း	၃၀၈	၁၀၀	၆၃၅	၂၀၅	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင့်လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ကိုင်သူများပြားစွာရှိနေသည်ကိုတွေ့ရှိရပါသည်။စုစုပေါင်းအိမ်ထောင်စု၏ ၆၆.၉%သည် လယ်ယာ၊ ဥယျာဉ်၊ နှစ်ရှည်စိုက်ပျိုးခြင်းကိုအဓိကထားလုပ်ကိုင်စားသောက်ကြသည်။လယ်ယာလုပ်ငန်းကို အဓာန လုပ်ကိုင်သူများမှာ အိမ်ထောင်စု၏ ၁၉.၈%ရှိနေသည်ကို တွေ့ရှိရပါသည်။ ဖောင်းအော်ချောင်းမှ နှစ်စဉ်မပျက် စိုက်ပျိုးရေးရရှိသောကြောင့် လယ်မြေအတွက် အဆင်ပြေမှုရှိသည်ကို တွေ့ရှိရပါသည်။

အခြားသောအိမ်ထောင်စုများသည် ထုံးကျောက်တူးနှင့် ထုံးဖုတ်လုပ်ငန်းကို အဓိကလုပ်ငန်းအဖြစ် အသက်မွေးဝမ်းကြောင်းပြုသူများဖြစ်သည်။ လုပ်ကိုင်သူများမှာ စုစုပေါင်းအိမ်ထောင်စု၏ ၇.၁၄%ရှိနေသည်ကို တွေ့ရှိရသည်။ ထုံးကျောက်တောင်များနှင့် နီးသောကြောင့် ဒုတိယ လုပ်ငန်းအဖြစ်တွေ့ရှိရပါသည်။

ဝက်မွေးမြူရေးကိုတပိုင်တနိုင်လုပ်ကိုင်ကြပြီး စီးပွားဖြစ်ကြက်မွေးမြူသော အိမ်ထောင်စုတစ်ဦး ရှိနေသည် ကို တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းများကို ဝန်ဆောင်မှုပေးနိုင်ရန် တိမွေးကုဋီးစီးဌာနနှင့် ချက်စ်ဗီအဖွဲ့မှ သင်တန်းပေးထားသော တိမွေးကုလုပ်သားတစ်ဦးရှိသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၅၀၀	ကောက်စိုက်၊ ပျိုးနှုတ်၊ ပြောင်းဖူးချိုး၊ ကြံခုတ် အလုပ်များတွင် လုပ်သားကျွမ်းကျင်မှု

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
							အပေါ်မှုတည်ပါသည်။
J	တိရစ္ဆာန်မွေးမြူရေး	နေ့စား					
၂	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား					
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား					
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀		၅၀၀၀		လက်သမား၊ ပန်းရံလုပ်ငန်းများတွင် လုပ်သားများ၏ ကျွမ်းကျင်မှုပေါ်မူတည်သည်။
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား					
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား		၆၀၀၀		၄၀၀၀	အပ်ချုပ်လုပ်ငန်းတွင် ရရှိသောဝင်ငွေမှုတည်ပြီးတွက်ချက်ထားသည်။
၁၀	ဟိုတယ်နှင့် စားသောက်	နေ့စား					

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
	ဆိုင်လုပ်ငန်း						

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံး နှင့် အများဆုံး လုပ်အားခနှုန်းထားများကို အထက် ဇယားတွင် သိရှိနိုင်ပါသည်။ကျေးရွာတွင်းလုပ်အားခနှုန်းထားများမှာ အမျိုးသားများက ပိုရပါသည်။လုပ်အားပမာဏနှင့် စိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများက အမျိုးသားများထက် လုပ်ငန်းခနည်းသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရာသီတွင် အဓိကကြီခုတ်ရာသီတွင် လုပ်ခလစာနှုန်းပိုမိုမြင့်မားပြီးလုပ်အားရှားပါးမှုကြုံတွေ့ရတတ်သည်။စိုက်ပျိုးရေး၊လက်သမားနှင့်ပန်းရံလုပ်ငန်း များအတွက် လုပ်သားကျွမ်းကျင်မှုပေါ်မူတည်ပြီး လုပ်ခလစာနှုန်းအနည်းအများကွာခြားသွားတတ်သည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၂၂၁.၅	သင့်	ဆည်ရေမရှိ	ဖောင်းအော်ချောင်းမှစိုက်ပျိုးရေရှိ(၂၂၁.၅ဧက)
ယာမြေ /တောင်ယာ	၁၃၆၄.၂	သင့်	ဆည်ရေမရှိ	မိုးရေမှ မှီခိုရပါသည်။
ဥယျာဉ်ခြံမြေ	၀			
အိမ်ခြံဝင်း စိုက်ခင်း	၉၉.၅၅	သင့်	ဆည်ရေမရှိ	မိုးရေမှ မှီခိုရပါသည်။
နှစ်ရှည်သီးနှံစိုက်ခင်း	၁၁	သင့်	ဆည်ရေမရှိ	မိုးရေမှ မှီခိုရပါသည်။

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရှင်းမြစ် (ရေရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
ရွှေပြောင်းတောင်ယာမြေ	၀			
ကိုင်း/ကျွန်းမြေ	၀			
စားကျက်မြေ	၀			
ပလပ်မြေ	၀			
အခြား				
စုစုပေါင်း	၁၆၉၆.၄၅			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ စိုက်ပျိုးမြေဧရိယာကို အထက်ဖော်ပြပါအတိုင်း တွေ့ရှိရပါသည်။ လယ်မြေများတွင် မြေဆီလွှာအရည်အသွေး သင့်တင့်သည့် အနေအထားများ ရှိပါ သည်။ ဖောင်းအော်ချောင်းမှစိုက်ပျိုးရေကို လယ်ဧက ၂၂၁.၅ဧက အတွက်လုံလောက်စွာရရှိနိုင်ပါသည်။ အခြားစိုက်ပျိုးရေးယာမြေ၊ အိမ်ခြံဝင်း နှင့် နှစ်ရှည်ပင်များ အတွက် ရေရှိမှုမှာ မိုးရေသာ နှစ်စဉ်မှီခိုအားထားနေရပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဧယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမီ
အခြား ရင်းမြစ်များ (လမ်းခင်းရန်နှင့် ထုံးဖုတ်ရန် ဖြူန်းကျောက်များရရှိနိုင်သည်)	သင့်	လွယ်
အခြားသဘာဝ ရင်းမြစ်		

အမျိုးအစား	ရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	မရှိ	လက်လှမ်းမမီ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	လွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များအနေဖြင့်လမ်းခင်းရန်နှင့် ထုံးဖုတ်ရန် ဖြူန်းကျောက်များရရှိနိုင်သည်။ ကျေးရွာနှင့် ဖြူန်းတောင်များသည် ၃မိုင်ခန့်ကွာဝေးပါသည်။ သဘာဝအပင်မျိုးစိတ်များအနေနှင့် နွားစာမြက်များ(နယားမြက်) သာလက်လှမ်းမှီပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀-၅၀ဧက	၁၅-၂၀ ဧက	၃-၄ဧက	မပိုင်
အိမ်အခြေအနေ	အုတ်တိုက်၊ အုပ်ကာ၊ သွပ်မိုး	အုတ်တိုက်၊ အုပ်ကာ၊ သွပ်မိုး	ဝါးထရံကာ၊ သွပ်မိုး၊	ဝါးထရံကာ၊ သွပ်မိုး၊ ၂ ခန်းပါတ်လည်အိမ်
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ထွန်စက်၊လက်တွန်းထွန်စက်၊ ခြေလှေ၊ ခိုင်းကျဲခိုင်းနွား	လက်တွန်းထွန်စက် ၊ နွားလှည်း	ခိုင်းနွား၊ကျဲ	မပိုင်

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို လည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေး ဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှ လည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှုပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဓိမ်ခံကား၊ ဖုန်း၊တီဗီ၊	ဖုန်း၊ တီဗီ၊	ဆိုလာတီဗီ၊	မပိုင်
အမိကစီးပွားရေး လုပ်ငန်း	တောင်သူကြီး	တောင်သူလတ်	တောင်သူငယ်၊ ကျပန်းအလုပ်၊	ကျပန်းအလုပ်
အခြားပိုင်ဆိုင်မှု	ထရပ်ကား၊ လုပ်ငန်းသုံး ကား၊မော်တော် ဆိုင်ကယ်၊ ရွေ ၁၀ ကျပ်သား	ထော်လာကျီ၊ မော်တော်ဆိုင်ကယ် ၊ ရွေ ၄ ကျပ်သား	ဖုန်း၊ မော်တော် ဆိုင်ကယ်၊ နားကပ် ဆွဲကြိုး	စက်ဘီး၊ ဆိုင်ကယ်ဟောင်း၊ နားကပ်
အိမ်ထောင်စု - ၃၁၀	၁၁ (၃.၅၅%)	၉၅ (၃၀.၆၄%)	၁၅၃ (၄၉.၃၅%)	၅၁ (၁၆.၄၅%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် ၄ ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါဥစ္စာဓနအဆင့် အခြေအနေအရ ချမ်းသာသောမိသားစုမှာ ကျေးရွာအိမ်ထောင်စု၏ (၃.၅၅%) ဖြင့် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပြီး အဆင်ပြေသော အိမ်ထောင်စု ၉၅ ဦးနှင့်အိမ်ထောင်စုပေါင်း၏ (၃၀.၆၄%)ရှိပါသည်။ ဆင်းရဲသားမိသားစုမှာ ၁၅၃ဦး (၄၉.၃၅%) ဖြစ်သောကြောင့် အိမ်ထောင်စုများ၏ အများဆုံးအရေအတွက်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲအိမ်ထောင်စုပေါင်းသည် ၆၂.၈%ဖြစ်နေသောကြောင့် ကျေးရွာအိမ်ထောင်စု၏ ၅၀%ကျော် ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

(၁.၅) ထိစိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၃၈	၆၃.၆၇ %	၃လအောက်ဝမ်းစာဖူလုံသောအိမ်ထောင်စုအမျ ားစုသည်တစ်နေ့လုပ်အား၀(နေ့ချင်းရှင်းလုပ် ခငွေ)များဖြင့်အသက်မွေးသောသူများဖြစ်သည် ။ ကျပန်းလုပ်ကိုင်သောအိမ်ထောင်စုများဖြစ်ကြ သည်။ စိုက်ပျိုးရာသီမဟုတ်သောကာလများတွင် ပွဲစားများမှ ကြိုငွေထုတ်ခြင်း နှင့် အတိုးဖြင့် ချေးယူစားသောက်ကြသည်။
၃ လနှင့် ၆ လအောက်	၁၉	၃၁.၆၀ %	စိုက်ပျိုးမြေနည်းပါးသော အိမ်ထောင်စုများ သည်စိုက်ပျိုးရာသီမဟုတ်သောကာလများတွင် ပွဲစားများမှ ကြိုငွေထုတ်ခြင်း နှင့် အတိုးဖြင့် ချေးယူစားသောက်ကြသည်။
၆လ မှ ၁၂ လ အထိ	၃	၅ %	

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် ဆင်းရဲသောမိသားစုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ ၃၀%ဝန်းကျင်ကို ဝမ်းစာဖူလုံမှုအကြွေးတင်ရှိမှုစစ်တမ်းကောက်ယူပြီး အထက်ပါဇယား၌ ဖော်ပြထားသောသီတင်းအချက်အလက်များကို ရရှိခဲ့ပါသည်။ ကောက်ယူထားသော အိမ်ထောင်စုတိုင်း သည် ကဏ္ဍအမျိုးမျိုး အတွက် အကြွေးတင်နေခြင်း၊ ငွေချေးနေရသည်ကိုတွေ့ရှိရပါသည်။ ကောက်ယူ ထားသောအိမ်ထောင်စု (၆၀ဦး) မှ ၃၈ ဦးသည် (၆၃.၆၇%)သည် ၃ လအောက်သာ ဝမ်းစာဖူလုံနေရသည်ကို စစ်တမ်းအရတွေ့ရှိရပါသည်။ မြေပြင်အခြေအနေတွင် ၄င်း အိမ်ထောင်စုများသည် တစ်နေ့လုပ်အား၀(နေ့ချင်းရှင်းလုပ်ခငွေ)များဖြင့်အသက်မွေးသောသူများဖြစ်သည်။ ကျပန်းလုပ်ကိုင်နေရသောအိမ်ထောင်စုများဖြစ်ကြသည်။စိုက်ပျိုးရာသီမဟုတ်သောကာလများတွင် ပွဲစားများမှ ကြိုငွေထုတ်ခြင်း နှင့် အတိုးဖြင့် ချေးယူစားသောက်ကြသည်။ ၃လမှ ၆ လအထိသော

ဝမ်းစာဖူလုံသောအိမ်ထောင်စုများသည် ၃၁.၆၈%ရှိပြီး စိုက်ပျိုးမြေနည်းပါးသော အိမ်ထောင်စုများဖြစ်ကြသည်။ ထိုအိမ်ထောင်စုများသည် စိုက်ပျိုးရာသီမဟုတ်သောကာလများတွင် ပွဲစားများမှ ကြိုငွေထုတ်ခြင်း နှင့် အတိုးဖြင့် ရွေးယူစားသောက်ကြသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်	–	–	–
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	–	–	–
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	–		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု (၃၀) စုခန့်နှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု(၁)စု ရှိသည်ကို တွေ့ရှိရပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	ဆင်းရဲနှင့် အလွန်ဆင်းရဲမိသားစုများတွင် ကြုံရတတ်သည်။
၂	သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	လတ်	စိုက်ပျိုးမြေတိုးချဲ့ရန်ခက်ခဲခြင်း၊ တစ်နှစ်ပါတ်လုံးရေလုံလောက်မှုမရှိခြင်း၊
၃	ရောဂါဘေးခြင်း		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၄	မိုးခေါင်ခြင်း		
၅	အအေးလွန်ကဲခြင်း	–	
၆	မုန်တိုင်း	လတ်	မိုးဦးကျတွင်ဖြစ်တတ်ပြီး ပျက်ဆီးမှုအချို့ရှိသည်။
၇	ငလျင်	နိမ့်	ရံဖန်ရံခါ လှုတ်တတ်သည်။
၈	မီးဘေး	နိမ့်	တောမီးလောင်ခြင်းကိုတခါတရံတွေ့ရှိရပါသည်။
၉	ဆားငန်ရေဝင်မြေ	–	–
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	ကျေးရွာအနီးရှိ မြေကန်ဘားများ ပြိုကျတတ်သည်။
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	ကျေးရွာသူရွာသားများ ထုံးဖုတ်ရန် ထင်းခုတ်မှုများခြင်းနှင့် သစ်တောစနစ်တကျမခုတ်ခြင်းကြောင့်ပြုန်း တီးမှုမြင့်မား ပါသည်။
၁၂	ငှက်ဖျားရောဂါ	နိမ့်	ကျေးရွာသူရွာသားများ တောတွင်းခရီးသွားခြင်း နှင့် စနစ်တကျ ခြင်နှိမ်နင်းခြင်းမရှိ
၁၃	တီဘီရောဂါ	–	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	–	
၁၅	ပြည်တွင်း ပဋိပက္ခ	–	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	နိမ့်	ကြက်ငှက်တုတ်ကွေးနှင့် ကွဲနွားခွာနာရှာနာရောဂါများမကြာခဏတွေ့ ရှိရပါသည်။
၁၇	လူကုန်ကူးခြင်း	–	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း	–	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
	ဆက်သွယ်ရေးခက်ခဲ စသည်		
၁၉	အခြား		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် ကျေးရွာသူရွာသားများထုံးဖုတ်ရန် ထင်းခုတ်မှုများခြင်းနှင့် သစ်တောစနစ်တကျမခုတ်ခြင်းကြောင့် သစ်တောပြုန်းတီးမှု မြင့်မားပါသည်။ စားနပ်ရိက္ခာအတွက် လက်လုပ်လက်စားများအခက်အခဲကြုံတွေ့ရသည်နှစ်စဉ်ချေးငွေများဖြင့် ကျော်ဖြတ်ကြရသည်။ မုန်းတိုင်းသည် မိုးဦးကျတွင်ဖြစ်တတ်ပြီး သီးနှံများ ပျက်ဆီးမှု အချို့ ရှိသည်။ကျေးရွာသူရွာသားများတောတွင်းခရီးသွားခြင်း နှင့် စနစ်တကျ ခြင်နှိမ်နင်းခြင်းမရှိသောကြောင့် ငှက်ဖျားရောဂါဖြစ်ပွားမှုကိုလည်းတွေ့ရှိရပါသည်။ လူငယ်များတွင် မူးရစ်ဆေးကြောင့် ထိခိုက်မှုများရှိနေသည်ကို တွေ့ရှိရပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးရစ်ဆေးကြောင့်ထိခိုက်မှုများသည်။
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	လတ်	
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	အလုပ်အကိုင်ရှားပါးမှုကြောင့် ထိခိုက်မှုမြင့်မား
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	နိမ့်	
၅	မြစ်ကမ်းဘေး နေထိုင်သူများ	-	

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	–	
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP)	–	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	–	
၉	ငါးကန်ပိုင်ရှင်	–	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	မြေယာနှင့် အခြား ပိုင်ဆိုင်မှုမရှိသည့် အတွက် ခက်ခဲသည်။
၁၁	လူနည်းစုလူမျိုးများ	–	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	–	
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	–	
၁၄	ရွှေတွင်းလုပ်သား	–	
၁၅	ဆေးစွဲသူများ	မြင့်	ဆေးသုံးစွဲသူများပိုမိုများပြားလာသည်။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	–	
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	–	
၁၈	နေရပ်ပြန် အခြေချသူများ	–	
၁၉	ရွှေပြောင်းလုပ်သားများ	–	
၂၀	ကားသမား	–	
၂၁	အခြား		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် လူငယ်များသည် မူးရစ်ဆေးသုံးစွဲမှုကြောင့် ထိခိုက်မှုပိုမိုများနေကြသည်။ မူးယစ်ဆေးသုံးစွဲသူများမှာ ထိခိုက်မှုအများဖြစ်သည်။မြေယာပိုင်ဆိုင်မှုမရှိကြသော ကျပန်းလက်လုပ်လက်စား အိမ်ထောင်စုများသည် အလုပ်အကိုင် ရှားပါးမှုကြုံရတတ်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	လူငယ်အဖွဲ့	၃	၀	၃၀	၃၀	ကျေးရွာသာရေးနာရေးအတွက်	၄	၆
၂	အမျိုးသမီးအဖွဲ့	၂	၀	၄၀	၄၀	ကျေးရွာသာရေးနာရေးအတွက်	၄	၆
၃	ချက်စ်ဗီအဖွဲ့	၁	၅	၁၅	၂၀	အသက်မွေးဝမ်းကြောင်းထောက်ပံ့ရေး	၁	၆
၄	ပတ်မြန်မာအဖွဲ့	၁	၀	၁၀၀	၁၀၀	ငွေစုငွေချေးလုပ်ငန်း	၁	၇

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး

ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။
(၈) ညံ့ (အားနည်း) - ကြံ့ခိုသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။

ကျေးရွာတွင်းတွင် ဖော်ပြပါအတိုင်း လူထုအခြေပြုအဖွဲ့အစည်းများ ရှိပါသည်။အဖွဲ့အစည်းအားလုံးမှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် မိမိတို့၏ ကဏ္ဍအလိုက် စည်းလုံးညီညွတ်စွာ ဆောင်ရွက်လျက်ရှိပါသည်။

ချက်စ်ဗီအဖွဲ့ စပါးဘဏ်ဆက်လက်လည်ပါတ်နေတယ် တောင်သူများက စပါးများကို ချေးယူနိုင်မှုဆက်လက်တည်ရှိနေသည်။ ပတ်မြန်မာအဖွဲ့သည် ၁၅ ရက် တစ်ကြိမ် ငွေစုငွေချေးမှုများဆောင်ရွက်နေကြသည်။ ကျေးရွာသာရေးနာရေးလုပ်ငန်းများအတွက် လူငယ်အဖွဲ့နှင့် အမျိုးသမီး အဖွဲ့သည် ဦးဆောင်ဦးရွက် ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	ချက်စ်ဗီ	၂	အသက်မွေးဝမ်းကြောင်းဆိုင်ရာ ထောက်ပံ့ကူညီရေး
၂	ပတ်မြန်မာ	၂	ငွေစုငွေချေးလုပ်ငန်းများဆောင်ရွက်ရန်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် ပြင်ပအကူအညီအဖွဲ့အစည်း ၂ ဖွဲ့နှင့်ချိတ်ဆက်ဆောင်ရွက်မှုရှိပါသည်။

အသက်မွေးဝမ်းကြောင်းဆိုင်ရာ ထောက်ပံ့ကူညီရေးအတွက် ချက်စ်ဗီအဖွဲ့မှ ကူညီဆောင်ရွက်မှုများဆောင်ရွက်ပေးပြီး ငွေစုငွေချေးလုပ်ငန်းများအတွက် ပတ်မြန်မာအဖွဲ့နှင့် ချိတ်ဆက်လုပ်ကိုင်လျှက်ရှိပါသည်။

(၂.၂) **စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

(၂.၂.၁) **သီးနှံထုတ်လုပ်ရေး**

(၂.၂.၁.၁) **စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၇၀	၂၃	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၁	၁၃	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၅၇	၁၈	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၁၁	၃၆	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၃၁	၁၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၃၁၀	၁၀၀	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားပြီးလုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။ မြေယာမဲ့များမှာ အိမ်ထောင်စုပေါင်း၏ ၂၃ %သာ ရှိပါသည်။ ကျန် ၈၇%သည် မြေယာပိုင်ဆိုင်မှုရှိနေသည်ကို တွေ့ရှိရပါသည်။ မြေယာပိုင်ဆိုင်မှုတွင် ၅ ဧကမှ ၁၂.၅ ဧက ကြားပိုင်ဆိုင်သော အလယ်အလတ်စားတောင်သူများသည် အိမ်ထောင်စုပေါင်း၏ ၃၆ %ရှိသောကြောင့် အများဆုံးဖြစ်သည်။

(၂.၂.၁.၂) **အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ /ပုဂ္ဂလိက	ရေသောက်	ရှိနိုင်မှု

			ဇက	တနှစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်				
၂	ရေလွှဲဆည်				
၃	မြစ်ရေတင်စီမံကိန်း				
၄	အဝီစိတွင်း				
၅	လက်ငင် ရေတွင်း				
၆	စိမ့်စမ်းရေ				
၇	ချောင်းရေ (ဖောင်းအော်ချောင်း)	သဘာဝ စီးဆင်း နေသောချောင်း မှ တောင်သူများသည် မြောင်းစနစ်ဖြင့် သွယ်တန်း	၂၂၁.၅	တစ်နှစ်ပါတ်လုံး	ရှိ
၈	အခြား				

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရရှိမှုမှာ သဘာဝစီးဆင်းနေသော ဖောင်းအော်ချောင်းမှ တောင်သူများသည် မြောင်းစနစ်ဖြင့်သွယ်တန်းပြီး လယ်မြေများ (၂၂၁.၅ ဇက) အတွက် တစ်နှစ်ပါတ်လုံး အသုံးပြုနိုင်ကြပြီး အခြား စိုက်ပျိုးမြေများအတွက် မိုးရေကိုသာ အသုံးပြုနိုင်ပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်	သီးနှံထွက်မှု	သီးနှံ စိုက်ပျိုးသည့် ကာလ	သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/	အမြတ် ရရှိနိုင်မှု (နိမ့်/လ	မှတ်ချက်

ထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

အောက်တိုဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အထက်ကြူအင်းကျေးရွာ

နောင်ချိုမြို့နယ်

	ဒေ	ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ	မြင့်)	တ်/မြင့်)	
ပြောင်း	၈၀၀	ပိသာ	၆၀၀	၁၂၀၀	၉၀၀	မေလ	ဇွန်	လတ်	လတ်	
ကြံ	၅၆၄.၅	တန်	၂၀	၃၀	၂၅	ဇူလိုင်	သြဂုတ်	နှမ့်	မြင့်	
စပါး	၂၀၀	တင်း	၃၅	၅၀	၄၃	ဒီဇင်ဘာ	ဇန်နဝါရီ	လတ်	မြင့်	
ဂျုံ	၂၁.၅	တင်း	၁၅	၂၀	၁၇	အောက်တိုဘာ	နိုဝင်ဘာ	မြင့်	လတ်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ပြောင်း ဖြစ်ပြီး မိုးတွင်းကာလတွင် စိုက်ပျိုးပါသည်။ဆောင်းလည်တွင် ကြံနှင့် ဂျုံကို စိုက်ပျိုးကြသည်။ ဂျုံသီးနှံသည် ပိုးရောဂါခံနိုင်ရည်အားနည်းသောကြောင့် ပိုးသတ်ဆေးများနှင့် အခြားသွင်းအားစု သုံးစွဲမှုမြင့်မားပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်	မှတ်ချက်/ အခြေအနေ
	တစ်ဦးချင်းပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေအတွက်	လယ်သမားဦးရေ	အရေအတွက်	လယ်သမားဦးရေ		
ထွန်စက်	၁၀						တစ်နာရီငှားခမှာ ၈၀၀၀ မှ ၁၃၀၀၀၀ကျပ်အထိ ရှိသည်။ ထွန်စက်၏အသွား ပေါ်မူတည်ပြီး ဈေးကွာခြားသွားသည်။

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာ ငှားရမ်းလုပ် ကိုင်နေသော တောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
	တစ်ဦးချင်း ပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေ အတွက်	လယ် သမား ဦးရေ	အရေ အတွက်	လယ် သမား ဦးရေ		
လက်တွန်းထွန်စက်	JJ						ကိုယ်ပိုင်လုပ်ဆောင်မှုမျ ားသာဖြစ်သည်။ ငှားရမ်းသုံးစွဲခြင်းမရှိ ကြပါ။
အစေ့ချ ကိရိယာ	၀						
ရိတ်သိမ်းခြွေလှေ့စက်	၀						
ရိတ်သိမ်းစက်	၀						
ခြွေလှေ့စက်	၈						ပြောင်းဖူးခြွေလှေ့များ သည် တစ်တောင်း (၁တင်းခန့်) ကို ၁၀၀ မှ ၂၀၀ကျပ်အထိရှိသည်။ ပြောင်းခွံပါရှိမူပေါ်မူတ ည်သည်။
ရေစုပ်စက်	၁၈						တောင်သူများငှားရမ်း ြခင်းမရှိပဲ ချောင်းရေမှ ရေတင်ရန်အသုံးပြုသ ည်။
ခြေနင်းရေတင်စက်	၀						
မြက်ရိတ်စက်	၁						
အခြား							

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

ကျေးရွာ၏ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမှာ အထက်ပါအတိုင်း ဖြစ်ပါသည်။ ထွန်စက်ပိုင်ဆိုင်သောတောင်သူများသည် မြေယာပြင်ဆင်မှုအတွက် ထွန်စက်ကို တစ်နာရီငှာခမှာ

၈၀၀၀ မှ ၁၃၀၀၀ကျပ်အထိ ငှားရမ်းပေးကြသည်။ ထွန်စက်၏အသွားပေါ်မူတည်ပြီး ဈေးကွာခြားသွားသည်။ကျေးရွာတွင် ခြေလှေစက် ၈လုံးရှိပြီး ပြောင်းဖူးခြေလှေများသည် ပြောင်းဖူးအခွံပါမူပေါ်မူတည်ပြီး ငှားခနှုန်း တစ်တောင်း (၁တင်းခန့်) ကို ၁၀၀ မှ ၂၀၀ကျပ်အထိရှိသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရှိနိုင်မှု၊ မြေဆီသြဇာ)	
ရေရင်းမြစ်	ဖောင်းအော်သဘာဝချောင်းရေမှ စိုက်ပျိုးရေအတွက် ရရှိပါသည်။
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ	ကုန်ကြမ်းရရှိမှုလွယ်ကူသည်။
အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး	ဝယ်ယူရန် ဈေးကွက်နီးသည်။
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ	စိုက်ဘဏ်နှင့် ပတ်မြန်မာစုချေးအဖွဲ့မှ စိုက်ပျိုးစရိတ်ချေးငွေရှိသည်၊
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	
သွင်းအားစုဈေးကွက်	ပြင်ပ ဆိုင်များမှ သွင်းအားစု ဝယ်ယူရန်လွယ်ကူသည်။
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံထွက်ချိန်တွင် ဈေးနှုန်းမငြိမ်သည်မှအပ ရောင်းချရန်သယ်ယူရန် လွယ်ကူသည်။
အခြား	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ သီးနှံထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ လယ်မြေများ၏ စိုက်ပျိုးရေအတွက် ဖောင်းအော်ချောင်းမှ တစ်နှစ်ပါတ်လုံးရရှိပါသည်။တောင်သူများအတွက် လိုအပ်သော ချေးငွေများကိုလည်း စိုက်ဘဏ်မှ နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါသည်။သီးနှံပေါ် ချိန်တွင် ဒေသပေါက်ဈေးဖြင့်

ရောင်းချနိုင်ပါသည်။ သွင်းအားစုနှင့် ထုတ်ကုန်ဈေးကွက်အတွက် သွားလာဆက်သွယ်ရေး လွယ်ကူမှု ရှိပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	စိုက်ပျိုးမြေ တိုးချဲ့ရန်မြေမရှိပါ၊ မြေလွတ်မြေရိုင်းမရှိပါ။
မြေဆီသြဇာ အခြေအနေ	ဓါတုပိုးသတ်ဆေးအသုံးများသောကြောင့် မြေဆီလွှာ ပျက်ဆီးလာသည်။
ငွေကြေးအရင်းအနှီး ရရှိနိုင်မှု	စိုက်ဘဏ်တစ်ခုတည်းသာရှိသောကြောင့် အရင်းအနှီးမလုံလောက် အချိန်မှီမရရှိ၊ အရင်းအနှီး ခက်ခဲပါသည်။
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	ရာသီချိန်တွင် အလုပ်သမားရှားပါးမှုတွေ့ကြုံရသည်။
ရေရင်းမြစ်များ ရရှိနိုင်မှု	
စိုက်ပျိုးရေမလုံလောက်မှု	အချို့ယာမြေများ မိုးရေမျှော်ရသည့်အတွက် ရေရရှိမှုခက်ခဲ
ဖျက်ပိုးနှင့် ရောဂါ	ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုးမွှားရောဂါ ကျရောက်မှုများဆိုးရွားလာသည်။
စျေးကွက် လက်လှမ်းမီမှု	
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာအကူအညီရသော်လည်း ထိရောက်မှုအားနည်း
အခြား	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် မြေလွတ်မြေရိုင်းများ မရှိသဖြင့် တိုးချဲ့ရန် လယ်မြေများ မရှိပါ။ တချို့လယ်များမှာ မြေဩဇာကောင်းမွန်သော်လည်း ဓါတုဆေးများနှစ်စဉ်သုံးစွဲမှုကြောင့် မြေဆီလွှာ ပျက်စီး

လာပါသည်။တောင်သူများအတွက် နှစ်စဉ် ထုတ်ချေးပေးသော စိုက် / ဘဏ်မှာလည်း သတ်မှတ်အချိန်၌ သာထုတ်ချေးသဖြင့် အရင်းအနှီး လိုအပ်သည့်အချိန်တွင် မရနိုင်ပါ။ကြံခုတ်ရာသီနှင့် ပြောင်းရာသီများတွင် လယ်ယာလုပ်သား ရှားပါးခြင်းကိုလည်းရင်ဆိုင်ရပါသည်။ ဈေးမကောင်း သည့် နှစ်များတွင် သီးနှံဈေးနှုန်းများ ကျခြင်း စသည့် အခက်အခဲများကို ရင်ဆိုင်နေရပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၀	၀	
နို့စားနွား			
မြင်း	၁	၁	၀၁သနာအရသာမွေးမြူသည်။
ကျွဲ	၁၃၅	၃၁၂	လယ်ယာလုပ်ငန်းသုံးအတွက် မွေးမြူကြသည်
မြည်း	၀	၀	
လား	၀	၀	
ဆိတ်	၀	၀	
သိုး	၀	၀	
ဝက်	၇၅	၁၂၁	တစ်ပိုင်တစ်နိုင် အတွက်မွေးမြူ
ကြက်	၉၉	၇၆၉	အိမ်ထောင်စုတစ်စုသည် ကြက်မွေးမြူရေးကို စီးပွားဖြစ်မွေးမြူပြီး အခြားအိမ်ထောင်စုများမှာ တစ်ပိုင်တစ်နိုင် အတွက်မွေးမြူ
ဘဲ	J	၃	၀၁သနာအရသာမွေးမြူသည်။

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
နွားနောက်	၀	၀	
အခြား	၀	၀	
ငါးလုပ်ငန်း			
ငါးကန်		၀	
ပုဇွန်ကန်		၀	
ဂဏန်းမွေးမြူရေးလုပ်ငန်း		၀	
ရေချို ငါးဖမ်းလုပ်ငန်း		၀	
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		၀	
အခြား			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် ကျွဲများမှာ လယ်ယာလုပ်ငန်းခွဲ အသုံးပြုရန်သာ အများဆုံးမွေးမြူကြပါသည်။ ငွေကြေးတတ်နိုင်သည့် တောင်သူများမှ စက်ကိရိယာများ အသုံးပြုကြသော်လည်း မတတ်နိုင်သည့် တောင်သူများမှာ မိရိုးဖလာအရ ကျွဲများကိုသာ အသုံးပြုပါသည်။ဝက်မွေးမြူရေး မှာတစ်ပိုင် တစ်နိုင် မွေးမြူကြပြီး စီးပွားဖြစ် ကြက်မွေးမြူရေးလုပ်ကိုင်သူ တစ်ဦးရှိပါသည်။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဧယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	–
ရေရရှိမှု	ဖောင်းအော်ချောင်းမှ ရေအလွယ်တကူရရှိသည်။
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	
ချေးငွေ	

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
သွင်းအားစုဈေးကွက်	ဘန့်ဘွေးဈေးနှင့် နီးသည့်အတွက် သွင်းအားစုဝယ်ယူရန်လွယ်ကူသည်။
ဝန်ဆောင်မှုဈေးကွက်	ချက်စဗီ နှင့် တိကုဋ္ဌာနမှ သင်တန်းပေးထားသော တိမွေးကုလုပ်သား တစ်ဦး သည် တိရိစ္ဆာကျန်းမာရေးအတွက် ဝန်ဆောင်မှုပေးနိုင်သည်။
ထုတ်ကုန်ရောင်းဝယ်မှု	ဘန့်ဘွေးဈေးနှင့် နီးသည့်အတွက် ထုတ်လုပ်ရောင်းချရန်လွယ်ကူသည်။
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	
အခြား	
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	
ဈေးငွေ	
သွင်းအားစု လက်လှမ်းမီမှု	
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	
ထုတ်ကုန်ရောင်းဝယ်မှု	
အခြား	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် မွေးမြူရေးကဏ္ဍ၏ အခွင့်အလမ်းများမှာ တိရိစ္ဆာန်သောက်သုံးရန် အသုံးပြုရန် နှစ်စဉ်စီးဆင်းနေသောဖောင်းအော်ချောင်းရှိသည်။ သွင်းအားစုများဝယ်ယူရန်နှင့် ထုတ်ကုန်ရောင်းချရန် ၅ မိုင်ခန့်အကွာတွင်ရှိသော ဘန့်ဘွေးကျေးရွာ နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းသည် အားသာချက်တစ်ခုဖြစ်သည်။ ချက်စဗီ နှင့် တိကုဋ္ဌာနမှ သင်တန်းပေးထားသော တိမွေးကုလုပ်သား တစ်ဦး သည် တိရိစ္ဆာကျန်းမာရေးအတွက် ဝန်ဆောင်မှုပေးနိုင်သည်။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေ ရရှိနိုင်မှု	မွေးမြူရေးချေးငွေ မရရှိပါ။
ကူးစက်ရောဂါဖြစ်ပွားမှု	
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	
အခြား	
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	
ချေးငွေ ရရှိနိုင်မှု	
အခြား	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာသည် မွေးမြူရေးအဓိကလုပ်သော ကျေးရွာမဟုတ်သည့်အတွက် အခက်အခဲ ပြဿနာဖော်ပြရန် များစွာမရှိသေးပါ။ မွေးမြူရေးချေးငွေနှင့် နည်းပညာများသာရရှိနိုင်လျှင် မွေးမြူရေး ကဏ္ဍာပိုမိုတိုးတက်လာနိုင်ခြေရှိပါသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖေယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့်	၄	၅	၄၇	ဗြုန်းကျောက်ထုတ်၊ ထုံးဖုတ်၊ အုတ်ရိုက်၊

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
	သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း				မှော်တွင်းသွားရောက်ပြီး ရွှေကျောက်တူးဖော်ရေး လုပ်ငန်း
J	ထုတ်ကုန်လုပ်ငန်း	ဝ			
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး	ဝ			
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း	J	J	၅	လက်သမား၊ ပန်းရံလုပ်ငန်း
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	၁	၁	ဝ	ဝပ်ရှော့
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	ဝ	ဝ	၁	အပ်ချုပ်
၇	လက်လီ-လက်ကားရောင်းဝယ်ရေး				
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	၁	ဝ	၈	ဈေးရောင်း
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	၃	၁	၈၆	ထွန်စက်၊ပြောင်းနှင့်ကြံတင်ရန် ကားအငှား လိုက်၊ ကားမောင်း
၁ဝ	ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)	ဝ	ဝ	ဝ	
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်း ခြင်းနှင့် ဆက်စပ်သော	ဝ	ဝ	ဝ	

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
	လုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)	၁	၃	၀	ဝန်ထမ်း၊ ရဲ
၁၃	ပညာရေး	၀	၀	၀	
၁၄	ကျန်းမာရေး	၀	၀	၀	
၁၅	လူမှုရေးလုပ်ငန်းများ	၀	၀	၀	
၁၆	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ	၂	၅၀	၀	ကျပန်း၊ နိုင်ငံခြား
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. Etc.,)	၁	၂	၀	အေးရှားဝေါလ်ကုမ္ပဏီ
	စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ	၁၅	၆၄	၁၄၇	


ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများအနေဖြင့် ဖြုန်းကျောက်ထုတ်၊ ထုံးဖုတ်၊ အုတ်ရိုက် ၊ မှော်တွင်းသွားရောက်ပြီး ရွှေကျောက်တူးဖော်ရေး လုပ်ငန်း နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို

အဓိကတွေ့ရှိနိုင်ပါသည်။၄င်းအဓိကလုပ်ငန်းများ၏ ရပ်တည်မှုများမှာ ရာသီချိန်ပေါ်မူတည်ပြီး သာမန်အဆင့်မှ မြင့်မားသောအဆင့်အထိရှိနိုင်ပါသည်။ အခြားလုပ်ငန်းများမှာ လက်သမား၊ ပန်းရံလုပ်ငန်း၊ ဝပ်ရှော့၊ အပ်ချုပ်၊ စျေးရောင်း၊ ကျပန်း၊ ဝန်ထမ်းနှင့်

နောင်ချိုမြို့နယ်၊အထက်ကြူးအင်းအုပ်စု၊ အထက်ကြူးအင်းကျေးရွာအခြေပြမြေပုံ



ပုံ-၂ ကြူးအင်းအောင်ဆီသို့ ၁၀ မိုင်ခန့်ခွာ ၁၀ ရှိသော ကြူးအင်းအောင်ဆီ၊ ဒွေလီအုတ်(၂)သကြားစက်ခွဲ

နိုင်ငံခြားသို့သွားရောက်ဝင်ငွေရှာရသူများဖြစ်ကြပါသည်။ ၄င်းလုပ်ငန်းများ၏ရပ်တည်မှုသည် နိမ့်မှသာမန်အလယ်အလတ်အဆင့်မျှသာဖြစ်သည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
ကုန်ကြမ်းပစ္စည်းလွယ်ကူခြင်း	ကျေးရွာအနီးတွင် ထုံး၊ ကျောက်နှင့် အုတ်လုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းရရှိမှုလွယ်ကူသည်။
သယ်ယူပို့ဆောင်ရေး	ကျေးရွာသည် ကုန်ကြမ်းထုတ်လုပ်သယ်ယူရန်အတွက် ကိုယ်ပိုင်ယာဉ်များ (သို့) အငှားယာဉ်များ ပေါများခြင်း
ဈေးကွက်ရှိခြင်း	ဒေသဖွံ့ဖြိုးရေးအတွက် လမ်း တံတားများ တည်ဆောက်မှု စဉ်ဆက်မပြတ်ရှိနေခြင်းကြောင့် ထုံး၊ ကျောက်နှင့် အုတ်လုပ်ငန်းအတွက်ဈေးကွက်ရရှိမှုလွယ်ကူပါသည်။
စက်ရုံ အလုပ်ရုံကျေးရွာ အနီးတွင်ရှိခြင်း	ငွေရည်ပုလဲသကြားစက်ရုံသည် ကျေးရွာမှ ၁မိုင်အကွာခန့်သာရှိသောကြောင့် အလုပ်အခွင့်အလန်းအနည်းငယ်ရှိပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။
လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများမှာ ကျေးရွာအနီးတွင် ထုံး၊ ကျောက်နှင့် အုတ်လုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းရရှိမှုလွယ်ကူသည်။ သယ်ယူပို့ဆောင်ရေးကောင်းမွန်မှုရှိသည်။ ငွေရည်ပုလဲသကြားစက်ရုံသည် ကျေးရွာမှ ၁မိုင်အကွာခန့်သာရှိသောကြောင့် အလုပ်အခွင့်အလန်းအနည်းငယ်ရှိပါသည်။

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
ရာသီဥတု	မိုးရာသီကာလတွင် ထုံး နှင့် အုတ်လုပ်ငန်း လုပ်သော အိမ်ထောင်စုများအတွက် အခက်အခဲရှိသည်။
လုပ်သားရှားပါးမှု	ထုတ်ကုန်ပစ္စည်းဈေးမငြိမ်ခြင်းကြောင့် အလုပ်အကိုင်ရှားပါးမှု ရင်ဆိုင်ရသည်။
ချေးငွေမရှိခြင်း	စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများအတွက် အရင်းအနှီးရရှိရန် ချေးငွေလုပ်ငန်းမရှိပါ၊

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများမှာ ထုံး၊ဇြုန်းတောင်များပေါများသော်လည်း မိုးရာသီကာလတွင် ထုံး နှင့် အုတ်လုပ်ငန်း လုပ်သော အိမ်ထောင်စုများအတွက် အခက်အခဲရှိသည်။ ထုတ်ကုန်ပစ္စည်းဈေးမငြိမ်ခြင်းကြောင့် အလုပ်အကိုင်ရှားပါးမှု ရင်ဆိုင်ရသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများအတွက် အရင်းအနှီးရရှိရန် ချေးငွေလုပ်ငန်းမရှိပါ။

(၂.၃) ရွှေပြောင်းလုပ်သားများ

(၂.၃.၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	လူဦးရေ			ပြည်တွင်း			ပြည်ပ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု	၁၃	-	-	-	-	-	-	-	-	-
၂	ရွှေပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ	-	၉	၄	၁၃	၇	၂	၉	၂	၂	၄
၃	ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ										
	၃ လ အထိ	-	၀	၁	၁	၀	၀	၀	၀	၁	၁
	၆ လ အထိ	-	၀	၀	၀	၀	၀	၀	၀	၀	၀

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	လူဦးရေ			ပြည်တွင်း			ပြည်ပ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
	၁၂ လ အထိ	-	၀	၀	၀	၀	၀	၀	၀	၀	၀
	၁၂ လ အထက်	-	၉	၃	၁၂	၇	၂	၉	၂	၁	၃

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

ဖော်ပြပါဧယားအရ အင်းဝိုင်းကျေးရွာပြင်ပသို့ ရွှေပြောင်းသွားလာသူ အများစုမှာ နိုင်ငံခြားနှင့် နယ်စပ်ဒေသများသို့သွားရောက်အလုပ်လုပ်ကိုင်သူများကြသည်။ရွှေပြောင်းလုပ်ကိုင်သောကျေးရွာရှိ လူဦးရေမှာ ၁၃ ဦးရှိပါသည်။

(၂.၃.၂)ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဧယား (၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၁၃
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	၀
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	၀
၄	အခြား	၁၃

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။

ရွှေပြောင်းသွားလာခြင်း၏ အဓိကအကြောင်းအရင်းမှာ အလုပ်အကိုင်နှင့် ဝင်ငွေကြောင့်သာ ဖြစ်ပါသည်။

(၂.၃.၃) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဧယား (၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်

		စုစု ပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	၁၃	၄.၂%	၁	၃	၉
၂	ပြန်ပို့ငွေ လမ်းကြောင်းများ (%ရွှေပြောင်းလုပ်ကိုင်သူများ)					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	၀		-	-	-
	- ဘဏ်	၁	၇.၇%	-	-	-
	- လူကြုံဖြင့်လွှဲပို့ခြင်း၊ကိုယ်တိုင်	၁၂	၉၂.၃%	-	-	-
	- ငွေလွှဲလုပ်ငန်းနှင့် ဘဏ်	–	–	-	-	-
	-ငွေလွှဲလုပ်ငန်း၊လူကြုံဖြင့်လွှဲပို့ခြင်း	–	–	-	-	-
	- ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း	–	–	-	-	-
	- ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံ ဖြင့်လွှဲပို့ခြင်း	–	–	-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ ရွှေပြောင်းလုပ်သားများ၏ ပြန်ပို့ငွေကို မှီခိုနေရသူများနှင့် ပြန်ပို့ငွေ လမ်းကြောင်းများကို အထက်ပါဇယားများအတိုင်း တွေ့ရှိရပါသည်။ရွှေပြောင်းလုပ်သားများ၏ ပြန်ပို့ငွေကို မှီခိုနေရသော မိသားစုများမှာ စားဝတ်နေရေး အသင့်အတင့် အဆင်ပြေနေသည်ကို တွေ့ရှိရပါသည်။

(၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (ဘန့်ဘွေးဈေး)	အကြီးစားဈေးကွက် (ပြင်ဦးလွင်ဈေး)
ရွာမှအကွာအဝေး(မိုင်)	၅ မိုင်	၄၀ မိုင်ခန့်

စျေးကွက်လက်လှမ်းမီမှု	အနီးဆုံးစျေး (ဘန့်ဘွေးစျေး)	အကြီးစားစျေးကွက် (ပြင်ဦးလွင်စျေး)
သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ စက်ဘီး၊ လှည်း	
ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု	စားသောက်ကုန်၊ အဝတ်အထည်၊ အလှကုန်၊ အိမ်ဆောက်ပစ္စည်း နှင့် အခြား	
စျေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု	အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုး တစ်ထပ်အဆောက်အဦ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ အဓိကရောင်းဝယ်ဖောက်ကားသော အနီးဆုံးစျေးမှာ ၅ မိုင်ခန့် ရှိသော ဘန့်ဘွေး စျေးဖြစ်ပါသည်။ ဆိုင်ကယ်၊ကားများဖြင့် ဒေသထွက်သီးနှံများကို သွားရောက်ရောင်းချခြင်းလိုအပ်သည့် စားသောက်ကုန်၊ အဝတ်အထည်၊ အလှကုန်၊ အိမ်ဆောက်ပစ္စည်း များကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။သယ်ယူပို့ဆောင်ရေးလွယ်ကူမှုရှိသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်)	စိုက်ပျိုးစရိတ်ချေးငွေ	၁ နှစ်	ပြား ၅၀တိုး	ပုံစံ ၇	လယ်မြေပိုင်ဆိုင်မှုပြနိုင်ခြေတောင်သူများသာ ထုတ်ချေးနိုင်သည်။
ပုဂ္ဂလိကဘဏ်					
ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှုကဏ္ဍ					

ချေးငွေ ရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရမ ည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ်	ပတ် ငွေစုငွေချေး	၁၅ရက် တစ်ကြိမ်	၂ကျပ်တိုး	စုငွေထည့် ရမည်၊	အဖွဲ့ဝင်များသာချေးယူ ခွင့်ရှိသည်။
ငွေချေးပေးသူ (ပွဲစားများမှချေး ပေးသည်)	ချေးငွေ	၆ လ အထက်	၅ ကျပ်တိုး		သီးနှံထွက်ရှိပါကချေးပေး ထားသောပွဲရုံ တွင်သာ ပေးသွင်းရသည်။
အပေါင်ဆိုင်					
မိတ်ဆွေနှင့်ဆွေမျို ုးများ					
အခြား					

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှု ပေးသောအဖွဲ့များ။

လေ့လာတွေ့ရှိချက်။ ။

အထက်ပါ ငွေချေးလုပ်ငန်းနှင့် အခြားအသေးစား ချေးငွေဝန်ဆောင်မှုများသာ ရှိပါသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာ အခြေအနေ	နိမ့်	ဓါတုဆေးများသုံးစွဲမှုကြောင့် မြေများတဖြည်းဖြည်းပျက်ဆီးလာသည်
အပင်မျိုးစိတ်များ	–	
ပျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	နိမ့်	ပိုးများမကြာခဏကျရောက်သောကြောင့် ပိုးသတ်ဆေးဖြင့် ကာကွယ်နှိမ်နင်းရသည်။

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
ရေရှင်းမြစ်	–	–
ငါးမျိုးကွဲများ	–	–
အခြားတိရစ္ဆာန်မျိုးကွဲများ	–	–
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	နိမ့်	ပလပ်စတစ်နှင့် အမှိုက်များကြောင့် စနစ်တကျပြစ်ရန်နေရာသတ်မှတ်မှုအား ဖြည်း၊

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။
လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် ထူးခြားဖော်ပြမှုများမရှိသေးပါ။ မြေဆီသြဇာ အခြေအနေ၊ ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှုနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများ၏ အန္တရာယ်ရှိမှုအဆင့်ကို နိမ့်အဆင့်တွင်သတ်မှတ်ထားနိုင်ပါသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

၎ယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏ %
စာမတတ်သူဦးရေ	၁၃	၄၀	၅၃	၅.၂၄
ဘုန်းကြီးကျောင်းသင်ပညာရေး	၄၈	၁၆	၆၄	၆.၃၄
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၁၅၅	၂၁၁	၃၆၆	၃၆.၂၃
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၂၃၆	၂၂၃	၄၅၉	၄၅.၄၅
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၂၈	၂၅	၅၃	၅.၂၅
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၇	၇	၁၄	၁.၃၈

တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၀	၁	၁	၀.၁၀
ဧ နှစ်နှင့်အထက် လူဦးရေပေါင်း	၄၈၇	၅၂၃	၁၀၁၀	

ရင်းမြစ် ...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ စာမတတ်သူဦးရေမှာ ဧနှစ်အထက် စုစုပေါင်းလူဦးရေ၏ (၅.၂၄%)ဖြစ်ပြီး မူလတန်းပညာပြီးဆုံးသူမှာ (၄၅.၄၅%)ဖြစ်ပြီး အများဆုံးရာနှုန်းဖြစ်နေသည်ကို တွေ့ရှိရပါသည်။စာတတ်မြောက်မှုနှုန်းကို ခြုံ၍ကြည့်ပါက မူလတန်းပညာမပြီးဆုံးသူ(၃၆.၂၃%)၊ မူလတန်းပညာပြီးဆုံးသူ(၄၅.၄၅%)၊ အလယ်တန်းပညာ ပြီးဆုံးသူ (၅.၂၅%)၊ အထက်တန်းပညာပြီးဆုံးသူ(၁.၃၈%)၊ တက္ကသိုလ်ပညာ ပြီးဆုံးသူ(၀.၁%)ရှိပါသည်။ကျေးရွာရှိပြည်သူ များသည် မူလတန်းအဆင့်အောင်မြင်ပြီးသူ ၅၀%ဝန်းကျင်ရှိနေသည်ကို တွေ့ရှိရပါသည်။ ပညာရေးနှင့်ပါတ်သတ်ပြီး ပညာတတ် အရေအတွက်နည်းနေသည်ကို လေ့လာတွေ့ရှိရပါသည်။အဓိကအားဖြင့် စားနပ်ရိက္ခာများအတွက် အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းထွက်နှုန်းမြင့်မားနေသည်ကိုတွေ့ရှိရသောကြောင့် ပညာရေးအဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။

(၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၇၄	၈၀	၁၅၄	
အလယ်တန်း (၁၀-၁၄နှစ်)	၆၅	၃၆	၁၀၁	
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၁	၄	၅	
တက္ကသိုလ် ကျောင်းသား၊ သူ	၂	၃	၅	

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ လက်ရှိပညာသင်ကြားနေသော ကျောင်းသားဦးရေမှာ (၂၆၅)ယောက် ရှိပါသည်။မူလတန်းကျောင်းနေအရွယ်ကလေးများသည် ၁၀၀%ကျောင်းတတ်နိုင်ကြပြီး အလယ်တန်းကျောင်းနှင့် အထက်တန်းနေအရွယ်များသည် ကျောင်းထွက်နှုန်းရှိကြသည်။

(၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းလွန်ကျောင်း	
ရွာမှအကွာအဝေး(မိုင်)	ရွာတွင်း	
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	စက်ဘီး၊ ခြေလျင်	
စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်)	စာသင်ဆောင်များ ကောင်မွန်မှုရှိသော်လည်း ကျောင်းသားအင်အားနှင့် ခက်ခဲမှုရှိ (ပင်မ အဆောင်) အလျား ၅၄ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ (KG အဆောင်) အလျား ၃၀ ပေ၊ အနံ ၂၆ ပေ၊ အမြင့် ၁၂	
အမှိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း	
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာအခြေအနေ	ကျောင်းသုံးပရိဘောဂ လုံလောက်မှုရှိ၊ အနည်းငယ်သာလိုအပ်၊ ကျောင်းအိမ်သာကောင်းမွန်	
ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ)	ကြာဇံ ၃-၂ ကြိမ် (ပြင်ပအလှူရှင်များမှတိုက်ကျွေးမှုရှိသည်။)	

ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အဓိုးရခန့်	၂	၆	၈			
ကျေးရွာခန့်	၀	၀	၀			

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ ပညာရေးကဏ္ဍတွင် မူလတန်းလွန်ကျောင်းသာရှိပါသည်။
အခက်အခဲများအနေဖြင့် ကျောင်းသားအရေအတွက်များနေသောကြောင့်
စာသင်ကျောင်းဆောင်မလုံလောက်ခြင်းနှင့် ကျောင်းဆရာအင်အားမလုံလောက်ခြင်းကို

လေ့လာတွေ့ရှိရပါသည်။

(၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	၈ ဦး (လုံလောက်မှုမရှိပါ)
တပည့် - ဆရာ အချိုး	၂၈:၁
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိ
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	လုံလောက်မှုရှိပါသည်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	အထူးအစီအစဉ်မရှိသေးပါ။
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	အခက်အခဲမရှိ။
မိဘဆရာအသင်း၏ အခန်းကဏ္ဍ	ကောင်းမွန်ပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာမှ မူလတန်းလွန်ကျောင်းတွင်ကျောင်းသား ဆရာ အချိုးမှာ (၂၈:၁) ရှိနေသောကြောင့် ဆရာအင်အားလိုအပ်မှုရှိနေသည်ကို တွေ့ရှိရပါသည်။ ကျောင်းတွင်းအတွင်းတွင် အားကစားဆိုင်ရာလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိနေပါသည်။


(၂.၈) ကျန်းမာရေးနှင့်အာဟာရ

(၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပံ့နှုံမှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	

ဆောက်လုပ်ရေးနှင့် အိမ်ယာဝန်ကြီးဌာန



#	ရောဂါ	ပျံနှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှော		√		မိုးရာသီတွင် အဖြစ်များသည်။
၂	သွေးလွန်တုပ်ကွေး		√		ခြင်နှိမ်နင်းရေးလုပ်ငန်း အားနည်းနေခြင်းကြောင့် သွေးလွန်တုပ်ကွေးဝေသနာသည်များ တွေ့ရသည်။
၃	ငှက်ဖျား		√		တောတွင်းခရီးသွားလာသူများ ပိုမိုရောဂါခံစားနေရသည်ကို တွေ့ရသည်။
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ			√	
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ			√	
၆	တီဘီ			√	
၇	ဆီးချို		√		အသက်အရွယ်ကြီးသောလူကြီးများတွင်သာတွေ့ရှိရပါသည်။
၈	သွေးတိုး	√			အနေအထိုင်အစားအသောက်ပုံမှန်မဟုတ်ခြင်း၊ စနစ်တကျ မစားသောက်ခြင်းကြောင့် ရောဂါဖြစ်မှုများတိုးလာသည်။
၉	အသည်းရောဂါ (ဘီ၊ စီ)			√	
၁၀	အာဟာရ ချို့တဲ့မှု			√	
၁၀	အခြား ကူးစက်နိုင်သော ရောဂါများ			√	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် သွေးတိုးရောဂါခံစားနေရသောသူများ များပြားနေသည်ကို တွေ့ရှိရပါသည်။ ၄င်းရောဂါသည် အနေအထိုင်အစားအသောက်ပုံမှန် မဟုတ်ခြင်း၊ စနစ်တကျ မစားသောက်ခြင်းကြောင့် ရောဂါဖြစ်မှုများတိုးလာသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ		√	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသား၀ါ	√		ကလေးငယ်များအား မေးခိုင်နှင့် အသည်းရောင် အသား၀ါကာကွယ်ဆေးထိုးပေးမှုဆောင်ရွက်လျက်ရှိသည်။
၃	ပိုလီယိုရောဂါ	√		၅ လအောက်ကလေးများအား ခြောက်လတစ်ကြိမ် ကာကွယ်ဆေးထိုးပေးခြင်း အစီအစဉ်ရှိသည်။
၄	မေးခိုင် (ကိုယ်ဝန်ဆောင်ကာလအတွင်း)		√	
၅	ဝက်သက်ရောဂါ	√		
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု	√		
?	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	√		
၈	အာဟာရပညာပေး အစီအစဉ်	√		စာသင်ကျောင်းတွင်ကျန်းမာရေးအသိပညာပေးရေးအစီအစဉ်ရှိသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် အသက်(၁)နှစ်အောက် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းရှိပါသည်။အသက် (၅)နှစ်အောက် ကလေးငယ်များ အနေဖြင့် အမျိုးသား

ကာကွယ်ဆေးထိုး စီမံချက်များအတိုင်း ဆေးတိုက်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။
စာသင်ကျောင်းတွင်ကျန်းမာရေးအသိပညာပေး ရေးအစီအစဉ်ရှိသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန (ဘန့်ကွေး ကျေးရွာ)	၅ မိုင်	မရှိ	ကျန်းမာရေးမှူး- သားဖွားဆရာမ - အရံသားဖွားဆရာမ- ကြီးကြပ် (၁) – ကြီးကြပ် (၂) – တိုင်းရင်းဆေးကု- အရပ်လက်သည်-	မလုံလောက်	
တိုက်နယ် ဆေးရုံ			ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-		
မြို့နယ် ဆေးရုံ			ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး-		

ကျန်းမာရေးဝန်ဆောင်မှု	ဧရိယာအကွာအဝေး (မိုင်)	အခန်း/ကုတင် (လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေးဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/မလုံလောက်မှု)	မှတ်ချက်
			သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-		
ဆေးဆိုင်			ဆေးဝါးကျွမ်းကျင်သူ	လက်လှမ်းမှီမှု-- ဆေးဝါး-- သိုလှောင်ပုံစနစ်-- အအေးခန်းစနစ်--	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ဆေးခန်းအတွက် နေရာနှင့် အဆောက်အဦကို ပြင်ဦးလွင်မှ အလှူရှင်များမှ လှူဒါန်းထားပါသည်။ ကာကွယ်ဆေးထိုးနေ့များနှင့် ကုသိုလ်ဖြစ်ဆေး ကုသမှုများရှိလျှင် အသုံးပြုကြသည်။ ကျေးရွာတွင်အမြဲတိုင်နိုင်သောကျန်မာရေးမှူး၊ ဆရာဝန် မရှိသေးပါ။အများအားဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကိုဘန့်ဘွေးကျေးရွာတွင် ဝန်ဆောင်မှုရယူနိုင်ပါသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အစ်ကား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၈၉	ကောင်း	√	√	√	
အဝိစိတွင်း/စက်တပ်	၃	ကောင်း	√	√	√	

ရေရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
အဝိစိတွင်း/တုံကင်	၀					
မိုးရေသိုလှောင်ကန်	၈	ကောင်း		√		မိုးတွင်းကာလမှအပ ကျန်ရာသီအတွက် လုံလောက်စွာ မသိုလှောင်နိုင်ပါ။
မြစ်/ချောင်း	၂	ကောင်း	√	√	√	
ရေကန်						
စိမ့်စမ်းရေသွယ်တန်းခြင်း						
အခြား						

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာ၏ သောက်သုံးရေ ရရှိနိုင်မှုအခြေအနေကို အထက်ဇယားတွင် ဖော်ပြထားသည့်အတိုင်း လေ့လာတွေ့ရှိနိုင်သည်။ အိမ်ထောင်စုအများစုမှာ ရေတွင်းမှ သောက်သုံးရေကို ရရှိကြပြီး အခက်အခဲမရှိ လုံလောက်မှုရှိသည်။

(၂.၉.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၂၆၁	
ကျင်းအိမ်သာ	၂၈	
မြေပေါ် အိမ်သာ	၀	
တောထိုင်	၀	
စုစုပေါင်း	၂၈၉	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။

ကျေးရွာအိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာ သုံးစွဲကြပါသည်။ယင်လုံအိမ်သာပေါင်း ၂၆၁ လုံး ရှိပါသည်။ အိမ်ထောင်စုအချို့ (၂၈ အိမ်ထောင်စု) သည် ကျင်းတတ်စနစ်ကိုအသုံးပြုနေဆဲဖြစ်သည်။တောထိုင် အိမ်သာ သုံးသူမရှိပါ။ယင်လုံ အိမ်သာ မသုံးစွဲသော မိသားစုအချို့မှာ ဆင်းရဲသောမိသားစုများနှင့် ကျန်းမာရေး အသိမရှိသေးသော မိသားစုများသာဖြစ်ပါသည်။ထင်းတို့အား ယင်လုံအိမ်သာ သုံးစွဲခြင်းဖြင့် ကျန်းမာရေး၏ အရေးကြီး ပုံများကို အသိပညာပေးခြင်း ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ကျေးရွာတွင် အိမ်ခြေ ၃၁၈ ရှိပြီး အိမ်သာအရေအတွက် ၂၈၉ ရှိသောကြောင့် ၂၁ အိမ်ထောင်စုသည် အိမ်ခြံဝန်းတစ်ဝန်းထဲတွင် အိမ်ထောင်စု ၂–၃စု နေထိုင်ကြပြီး အိမ်သာတစ်လုံးထဲသာအသုံးပြုနေကြပါသည်။

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

#	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု		√	
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု	√		
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ		√	
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု		√	
၅	အခြား (ရှိလျှင်)			

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

ကျေးရွာ၏ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးတက်ကြွစွာ ပါဝင်မှု အားနည်းသော်လည်း ကျန်ရှိ သည့် အသိပညာရှင် အတတ်ပညာရှင် အမျိုးသမီးများ ပါဝင်လာစေရန် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သဘယာနာရေးလုပ်ငန်းများတွင် အမျိုးသမီးများ

တက်ကြွစွာ ပါဝင်ကြသည်ကို တွေ့ရှိရပါသည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (မိုင်)
				ပွင့်လင်း ရာသီ	တစ်နှစ်ပတ်လုံး	
ရွာတွင်းလမ်း	၂	ဆိုး	၁၉၉၄		√	၁ မိုင်
ချဉ်းကပ်လမ်း	၃	ကောင်း	၂၀၁၃		√	၅ မိုင်
ရွာချင်းဆက်လမ်း	၁	ဆိုး	၁၉၉၄	√	√	၁ မိုင်
အခြား						

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာသည်ရန်ကုန် လားရှိုးလမ်းမကြီးမှ ကျေးရွာသို့ဆက်သွယ်ထားသော ချဉ်းကပ်လမ်းသည် ကောင်းမွန်မှု ရှိသည်။ ရွာတွင်းလမ်းအများစုမှာ ကျောက်ကြမ်းလမ်းများသာဖြစ်ပြီး မိုးရေတိုက်စားခြင်းကြောင့် ကောင်းမွန်မှုမရှိတော့ပါ။ ရွာချင်းဆက်လမ်းမှာ အင်းဝိုင်းမှ ပိန်းအင်း၊အင်းဝိုင်းမှတဲတိုက်၊အင်းဝိုင်းမှ ကြူအင်း သို့ ၃ လမ်းရှိရာ ပိန်းအင်းသို့သွားသောမြေသားလမ်းတစ်ခုသာ ပွင့်လင်းရာသီသာသွားလာနိုင်ပြီး မိုးတွင်းကာလတွင် အဓိကအခဲများစွာကြုံတွေ့ရပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား	–				
ကွန်ကရစ်တံတား					
ကြိုးတံတား	–				
ရေပြွန်	–				
အခြား(သစ်သား တံတား)	၈၈ ပေခန့်	ဆိုး	၁၉၂၆	√	

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် ကိုးခန်းသစ်သားတံတားသည် ယခင်က တောင်ယာစိုက်ပျိုးကွက်များသို့သွားလာရန် အသုံးပြုကြသည်။ ယခုအခါ ဟောင်းနွမ်းပျက်ဆီးယိုယွင်းနေသပါသဖြင့် အသုံးပြုမှု နည်းပါးသွားသည်။ တံတားခံခန့်မှုမရှိသောကြောင့် အခြားပါတ်လမ်းမှ သွားလာနေရပါသည်။

(၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဧယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	–			
ပင်လယ်ရေကြောင်း	–			
အခြား	–			

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ပန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် ရေကြောင်း သယ်ယူပို့ဆောင်ရေးမရှိပါ။

(၂.၁၁.၄)　သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၀	၀	၆	၂၅၂	၄၆	၃၂	၀	၆၁

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။　။

အင်းဝိုင်းရွာ၏ သယ်ယူပို့ဆောင်ရေးတွင် ရေကြောင်းလမ်းမရှိပါ။အခြားသော သယ်ယူပို့ဆောင်ရေးယာဉ်များကို ဇယားတွင်ဖော်ပြထားပါသည်။စက်ဘီး(၆)စီး မှာ ရွာတွင်း နှင့် ကျောင်းသားများ ကျောင်းသွားရန်သာ အသုံးပြုကြသည်။ ဆိုင်ကယ် ၂၅၂ စီး မှာ သယ်ယူပို့ဆောင်ရေးဝန်တင်အဖြစ်သုံးပြီး၊ကားမှာ လုပ်ငန်းသုံးနှင့် အိမ်စီးကားများဖြစ်သည်။

(၂.၁၂)　　လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း	၂၂၅	ကောင်း	အခက်အခဲမရှိပါ
ဆိုလာစနစ်	၉၀	ကောင်း	တစ်ချို့အိမ်ထောင်စုများသည် မဟာဓါတ်အားလိုင်းသုံးစွဲနိုင်ခြင်းမရှိသေးပါ။အဘယ်ကြောင့်ဆိုသော် မီတာအခငွေနှင့် သွယ်တန်းကြိုးတန်ဖိုးငွေ မတတ်နိုင်သောကြောင့် ဆိုလာစနစ်ကိုသာအသုံးပြုကြရသည်။

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
အသေးစားရေအားလျှပ်စစ်	၂	ကောင်း	ကျေးရွာတွင်းဖြတ်သန်းနေ ေဘ စမ်းချောင်းအသေးမှ ရေအားအသုံးပြုပြီး တာဝိုစနစ်ဖြင့်မီးထွန်းစေ သည်။
ဒီဇယ်သုံးအင်ဂျင်	၃	ကောင်း	အင်ဂျင်စက်ဖြင့် မီးသုံးစွဲခြင်းသည် ကုန်ကျစရိတ်များသည်။ မဟာဓါတ်အားလိုင်းပျက်တေ ာ့က်လျှင် အရံအသုံးပြုရန်သာဖြစ်သည် ။
လေစွမ်းအင်	၀		
ဇီဝလောင်စာ			
အခြား(ဓါတ်ခဲမီးအိမ်၊ မီးအိမ်၊ဖယောင်းတိုင်)	၈	သင့်	ဆင်းရဲသောအိမ်ထောင်စုများ သာအသုံးပြုကြသည်။

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်ဝိုင်းကျေးရွာ၏ လျှပ်စစ်မီးလင်းရေးအခြေအနေမှာ အခက်အခဲမရှိ ကောင်းမွန်မှုရှိသည်။ စုစုပေါင်းအိမ်ထောင်စု ၏ ၇၂.၆% သည် မဟာဓါတ်အားလိုင်းကိုအသုံးပြုနေကြပါသည်။ တစ်ချို့အိမ်ထောင်စုများ (၂၉%) ခန့် သည် မဟာဓါတ်အားလိုင်းသုံးစွဲနိုင်ခြင်းမရှိသေးပါ။အဘယ်ကြောင့်ဆိုသော် မီတာအခငွေနှင့် သွယ်တန်းကြိုးတန်ဖိုးငွေ မတတ်နိုင်သောကြောင့် ဆိုလာစနစ်ကိုသာအသုံးပြုနေကြရသည်။ အိမ်ထောင်စုပေါင်း၏ ၂.၆% သည် ဓါတ်ခဲမီးအိမ်၊ မီးအိမ်၊ဖယောင်းတိုင် သာအသုံးပြုကြသည်။ ဆင်းရဲသောအိမ်ထောင်စုများသည်သာဖြစ်ကြသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နှိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နှိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေး အစီ အစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့ ၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့ အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီး တွင်ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်း ကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား
အရေအတွက်	၂၆၂	၃၁	၁၄၆	၈၂	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

အင်းဝိုင်းကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက်လက်၊ နည်းပညာများ အလက်အခဲမရှိ လက်လှမ်းမှီပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း သက်ဝင်လုပ်ရှား မှုအားနည်း ပြီးကျေးရွာတွင် အားကစားကွင်း မရှိပါ။
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ကျေးရွာ၏ သာရေးနာရေးများတွင် လူငယ်များ ပါဝင်မှုရှိသည်
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ကျေးရွာ၏ သာရေးနာရေးများတွင် လူငယ်များ ပါဝင်မှုရှိသည်
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	ပိုက်ကျော်ခြင်းစသည့် အသေးစား အားကစား ပစ္စည်းများသာလက်လှမ်းမီမှု ရှိပါသည်။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်များ ပါဝင်မှုအားနည်းသည်။
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးအစီအစဉ်များ ဆက်လက်လုပ်ဆောင်လျှက်ရှိသည်။
စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု	ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း သက်ဝင်လုပ်ရှားမှုအားနည်းသည်။ အင်တာနက် အသုံးပြုမှု လွယ်ကူမှု ရှိပါသည်။

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

လူငယ်များအနေဖြင့် အလုပ်လုပ်နေရင်း ကျန်ရှိသည့် အချိန်များကို ကျေးရွာ၏ လူမှုရေးလုပ်ငန်း(သာရေး၊နာရေး)အပြင် အခြားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။လူငယ်စုအတွင်း ထိုးဖောက်ဝင်ရောက်နေသော မူးယစ်ဆေး ပြဿနာကို လျော့ပါးပပျောက်အောင် ဆောင်ရွက်ခြင်း အသိပညာပေး ဟောပြောပွဲများ အဆက်မပြတ် ဆောင်ရွက်ပေးခြင်းဖြင့် အနာဂတ်တွင် လူငယ်ကဏ္ဍ ပိုမိုတိုးတက်လာမည်ဟု တွေ့ရှိရပါသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု	ဘန့်ဘွေး (၅မိုင်)အကွာတွင် ဆက်သွယ်ရေးရုံးရှိပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	လက်လှမ်းမမှီ
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	ကျေးရွာတွင် လက်ရှိအစီအစဉ်မရှိသေးပါ။
ရဲစခန်းများအား လက်လှမ်းမီမှု	ဘန့်ဘွေး (၅မိုင်)အကွာတွင် ရဲစခန်းရှိပါသည်။
အခြား	

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။

မြို့နှင့်နီးကပ်သည့် ကျေးရွာဖြစ်သဖြင့် ရဲစခန်းဆက်သွယ်ရေး အဆောက်အဦများ လက်လှမ်းမီမှုရှိပါသည်။အာမခံ လုပ်ငန်းလက်လှမ်းမီမှု မရှိပါ။သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီနိုင်ရန် လူငယ်အဖွဲ့ကဲ့သို့သော လူထုအခြေပြု အဖွဲ့အစည်းများရှိပါသည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
စုံးရိမ် /သာမန်	–	–	၁	–

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စုံးရိမ် = ၁၊ သာမာန် - ၂

လေ့လာတွေ့ရှိချက်။ ။

ကျေးရွာတွင် မူးယစ်ဆေးသုံးစွဲမှု အမြင့်ဆုံးဖြစ်ပါသည်။မူးယစ်ဆေးသုံးစွဲမှုမှ တဆင့် အခြားပြစ်မှုများလည်း ကျူးလွန်လာနိုင်ပါသည်။ထို့ကြောင့် မူးယစ်ဆေးဝါး ပယျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁	ပညာရေးကဏ္ဍ					
က	ကျောင်းအဆောက်အဦးမလုံလောက်ခြင်း	• ကျောင်းသားဦးရေတိုးလာခြင်း • လာမည့်စာသင်နှစ်တွင် အလယ်တန်းတန်းခွဲများတိုးလာမည်ဖြစ်ခြင်း • လက်ရှိစာသင်ကျောင်းဆောင်နှင့်မလုံလောက်သည့်အတွက် ဘုန်းတော်ကြီးကျောင်းနေရာတွင်ယာယီစာသင်နေရခြင်း	• ကျောင်းဆောက်ရန်ကျွမ်းကျင်လုပ်သားများရှိခြင်း • ကျေးရွာတွင်ဘွဲ့ရပညာတတ်များရှိခြင်း • ကျောင်းကော်မတီအဖွဲ့ဝင်များတတ်ကြွစွာပါဝင်နိုင်ခြင်း	• ကျောင်းဆောင်ရန်မြေနေရာအခက်အခဲရှိခြင်း • ငွေကြေးအခက်အခဲရှိခြင်း • ဆရာ၊ဆရာမအင်အားမလုံလောက်ခြင်း • ကျောင်းသားဦးရေနှင့် ကျောင်းဆောင်အရွယ်မမျှတခြင်း	• ကျောင်းကော်မတီအဖွဲ့ဝင်များတာဝန်ခွဲ ဝေခြင်း • ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး လိုအပ်ချက်များ တင်ပြတောင်းဆိုခြင်း • ကျောင်းဆောင်အခက်အခဲနှင့် ကျောင်းဆရာမအရေအတွက်နည်းနေခြင်းကိုတိကျစွာတင်ပြ သွားရန် • ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်ပြီး ညှိနှိုင်းဆောင်ရွက်ပေးခြင်း • လူထုအင်အားပါဝင်လာရန်စည်းရုံးပြောဆိုခြင်း	လက်ရှိမူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ရေးနှင့် ကျောင်းအဆောက်အဦးတိုးချဲ့ဆောက်လုပ်ရေး စီမံချက် • ကျောင်းကော်မတီအဖွဲ့ဝင်များ တာဝန်ခွဲဝေခြင်း • ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး လိုအပ်ချက်များ ကျောင်းဆောင်လိုအပ်ချက်များ၊ ကျောင်းဆရာမလုံလောက်မှုများနှင့် လက်ရှိမူလွန်ကျောင်းမှ အလယ်တန်းအဆင့်မြှင့်တင်ပေးရန်တင်ပြတောင်းဆို ခြင်း • ကျေးရွာလူထုပူပေါင်းပါဝင်လာဆောင်စည်းရုံးလှုံဆော်မှုများပြုလုပ်ခြင်း

၂	**လမ်းပန်းဆက်သွယ်ရေးကဏ္ဍ**					
က	လမ်းတံတားကောင်းမွန်မှုမရှိခြင်း	• လက်ရှိကျောက်ဖြုန်းလမ်းများသည် လမ်းဘေးရေမြောင်းများ စနစ်တကျတူးဖော်မှုမရှိခြင်းကြောင့် မိုးရေတိုက်စားမှုခံရခြင်း • နှစ်စဉ်ပြုပြင်မှုအားနည်းသောကြောင့်ပိုမိုယိုယွင်းပျက်ဆီးလာခြင်း • သတ်မှတ်တန်ထက်ကျော်လွန် သောယာဉ်များ မောင်နှင်ခြင်း	• ကျေးရွာတွင်းလူထုအင်အားရှိခြင်း • ဗြုန်းကျင်းများရှိခြင်း • လမ်းတံတားပြုပြင်ရန် စိတ်အားထက်သန်မှုရှိခြင်း • ဦးဆောင်ညွှန်ကြားနိုင်သူများရှိခြင်း • ငွေရည်ပုလဲသကြားစက်မှုကျေးရွာအဝင်အနီးအထိ ကတ္တရာလမ်းခင်းထားခြင်း • ကျေးရွာတွင်းလမ်းနေရာများရှိခြင်း	• နည်းပညာနှင့် ငွေကြေးအခက်အခဲရှိခြင်း • လမ်းခင်းရန်စက်ယန္တရားများလုံလောက်စွာမရှိနိုင်ခြင်း	• ကျေးရွာလူထုအား နားလည်သဘောပေါက်ဆောင်ရွက်ရှင်းလင်း ပြောကြားခြင်း • မိမိအိမ်ရှေ့ရှိရေမြောင်းများ တူးဖော်ရန်တာဝန်ပေးခြင်း • တံတားပေါ်သို့ တန်ကျော်ယာဉ်များမမောင်းနှင်ရန်တားမြစ်ခြင်း • လမ်းတံတားစည်းမျဉ်းစည်းကမ်းများစနစ်တကျပြုလုပ်သတ်မှတ်ခြင်းနှင့် အရေးယူမှုများ ဆောင်ရွက်ခြင်း • ကျေးရွာမှ ငွေကြေးနည်းပညာမတတ်နိုင်သောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနသို့	ငွေရည်ပုလဲကတ္တရာလမ်းမမှ ကျေးရွာတွင်းသို့လာသောချဉ်းကပ်လမ်းအားကတ္တရာခင်းနိုင်ရေးစီမံချက် (၁မိုင်ခန့်) ကျေးရွာတွင်းရှိရွာလယ်လမ်းမကြီးအားကတ္တရာခင်းနိုင်ရေးစီမံချက် (၁မိုင်ခန့်) • ကျေးရွာလူထုသို့တာဝန်ကိုယ်စီခွဲပေးခြင်း • လမ်းတံတားပြုပြင်ထိန်းသိမ်းရန်လူထုအားနှိုးဆော်ခြင်း • လမ်းတံတားစည်းမျဉ်းစည်းကမ်းများစနစ်တကျပြုလုပ်သတ်မှတ်ခြင်းနှင့် အရေးယူမှုများ ဆောင်ရွက်ခြင်း • သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်း

					တင်ပြဆောင်းဆိုခြင်း	
၃	စိုက်ပျိုးရေးကဏ္ဍ					
က	စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုနည်းပါးခြင်းနှင့် မျိုးကောင်းမျိုးသန့် မစိုက်ကြခြင်း	• အချို့တောင်သူများ နည်းပညာပိုင်း သိရှိမှုအားနည်းခြင်း • မျိုးသန့်ထုတ်လုပ်ရေး အသိပညာနည်းပါးခြင်း • မျိုးကောင်းမျိုးသန့်များ မဟုတ်ပဲ ကျေးရွာတွင်းကာလကြာရှည်စိုက်ပျိုးထားသောသီးနှံများသာ မျိုးခံပြီးစိုက်ပျိုးကြသည် • မျိုးကောင်းမျိုးသန့်မဟုတ်သောကြောင့် သီးနှံအထွက်နှုန်းကျဆင်းလာသည်	• စိုက်ပျိုးရေးဌာနရှိနေခြင်း • စိုက်ပျိုးရေးကုမ္ပဏီများဝင်ရောက်မှုရှိခြင်း • ဈေးကွက်လက်လှမ်းမှီခြင်း • စိုက်ပျိုးရန်ရေလုံလောက်ခြင်း • မျိုးသန့်များထုတ်လုပ်ရန် လယ်မြေကောင်းများရှိခြင်း • စိတ်ဝင်စားသော တောင်သူများရှိခြင်း	• နည်းပညာဝန်ဆောင်မှုအားနည်းခြင်း • ကုမ္ပဏီများက မိမိပစ္စည်းရောင်းရရေးသာအလေးထားဆောင်ရွက် ကြခြင်း • နည်းပညာပေးနိုင်သည့် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားနည်းပါးခြင်း	• စိုက်ပျိုးရေးဌာနပုဂ္ဂလိကအဖွဲ့အစည်းများအား ချိတ်ဆက်ဆောင်ရွက်ခြင်း • မြို့နယ်အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ နည်းပညာပေးသင်တန်းများ၊မျိုးသန့်ထုတ်စံပြကွက်များဆောင်ရွက်ခြင်း • တောင်သူလယ်သမား အဖွဲ့များဖွဲ့စည်းခြင်း • စိုက်ပျိုးရေးကဏ္ဍတိုး တက်ရေးလမ်းစဉ်များချမှတ်ခြင်း	**မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာတိုးပွားဆောင်ရွက်ရေး** • တောင်သူလယ်သမား အဖွဲ့များဖွဲ့စည်းခြင်း • စိုက်ပျိုးရေးကဏ္ဍတိုး တက်ရေးလမ်းစဉ်များချ မှတ်ခြင်း • စိုက်ပျိုးရေးဌာနနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအားချိတ်ဆက်ပြီး နည်းပညာပေးသင်တန်းများ၊ ဟောပြောပွဲများဆောင်ရွက်ခြင်း • မျိုးသန့်ထုတ်တောင်သူများရွေးချယ်ပြီးကျေးရွာမျိုးသန့်ထုတ်စံပြကွက်များဆောင်ရွက်ခြင်း
ခ	စိုက်ပျိုးရန်ငွေကြေးအရင်းအနှီးခက်ခဲခြင်း	• ငွေကြေးမလုံလောက်ခြင်း • အခြားဝင်ငွေရလုပ်ငန်းမရှိခြင်း	• ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်ခြင်း • စိုက်ပျိုးရန်ကိုယ်ပိုင်မြေရှိခြင်း • ကျွမ်းကျင်လုပ်သားရှိခြင်း	• ရာသီဥတုဖောက်ပြန်ခြင်း • အသေးစားချေးငွေနှင့် အတိုးနှုန်းမြင့်မားခြင်း • စိုက်ပျိုးရေးနည်းပညာအခက်အခဲရှိခြင်း	• စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ဘဏ်၊သက်သာသောအတိုးနှုန်းနှင့်ချေးပေးနိုင်သောအဖွဲ့များနှင့်	**စိုက်ပျိုးရေးအရင်းအနှီးရရှိရေးစီမံချက်** • စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲများ

			• မြေဆီမြေဩဇာအသင့်အတင့်ကောင်းမွန်ခြင်း	• ယခင်မြေသိမ်းခံရခြင်းများ အပေါ်ပြီးပြတ်အောင် ဆောင်ရွက်ထားမှုမရှိသေးခြင်း	ချိတ်ဆက်ခြင်း	ကျင်းပနိုင်ရန်ရှိ/ဆောင်ခြင်း • အတိုးနှုန်းသက်သာသောချေးငွေအဖွဲ့များတွင် ငွေချေးယူစေခြင်း • လက်ရှိအစိုးရဌာနများမှ ထုတ်ချေးသည့် ချေးငွေများပိုမိုထိရောက်သွက်လက်စေရန်တင် ပြတောင်းဆိုခြင်း
၄	ကျန်းမာရေးကဏ္ဍ					
က	သွေးတိုးရောဂါ ဖြစ်ပွားနှုန်းများ ပြားခြင်း	• အာဟာရမျှတစွာစားသုံးမှုမရှိခြင်း • ရာသီဥတုရောဂါဖြစ်ပွားမှုကိုအားပေးနေခြင်း • ဆေးရုံးဆေးခန်းသွားလာရဆိုးရိမ်းကြောက်ရွံ့ခြင်း • ကျန်းမာရေးအသိပညာမရှိကြခြင်း	• ကျေးရွာတွင် ဆေးပေးခန်းရှိခြင်း • ရေကောင်းရေသန့် လုံလောက်စွာ ရရှိခြင်း	• ကျန်းမာရေးအသိပညာပေးမှုနည်းခြင်း • ဆေးပေးခန်းရှိသော်လည်း ကျန်းမာရေးမှူးမရှိခြင်း • အစားအသောက်ညီညွတ်စွာမစားသုံးခြင်း	• ကျန်းမာရေးအသိပညာပေးဟောပြောခြင်း • ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ပြီး ဆရာဝန်တောင်းခံခြင်း • အယူသည်းခြင်း နှင့် ဆေးရုံဆေးခန်းကြောက်ခြင်းကိုပညာပေးစည်းရုံးခြင်း	သွေးတိုးရောဂါ ပပျောက်ရေး နှင့် ကျန်းမာရေးအသိပညာရေးတိုးတက်ရေးစီမံချက် • ကျန်းမာရေးအသိပညာပေးဟောပြောပွဲများစဉ်ဆက်မပျက်ဆောင်ရွက်ခြင်း • နည်းပညာရရှိစရန် ကျန်းမာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း • သွေးတိုးဓေနာရှင်များအား အနီးကပ်ကြီကြပ်ဆေးကုသမှုခံစေခြင်း • ကျေးရွာဆေးပေးခန်းပုံမှန်လည်ပါတ်စေရန်ဆောင်ရွက်ခြင်း

ခ	ကျေးလက်ဒေသတွင် ကျန်းမာရေးမှုးမရှိခြင်း	• ဒွေကြေးအခက်အခဲရှိ • ကျေးရွာဆေးပေးခန်းရှိပြီးကျန်းမာရေးမှုးမရှိခြင်း	• ကျေးရွာဆေးပေးခန်းရှိခြင်း • လစဉ်ကာကွယ်ဆေးထိုးနှံမှုရှိခြင်း • မြို့နယ်ဆေးရုံများသို့ လက်လှမ်းမှီခြင်း • လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း	• ကျန်းမာရေး ဝန်ထမ်းမရှိခြင်း • ကျန်းမာရေးပညာပေးအစီအစဉ်မရှိခြင်း • ဆေးပစ္စည်းလုံလောက်မှုမရှိခြင်း	• ကျန်းမာရေးအသိပညာပေးဟောပြောခြင်း • မြို့နယ်ကျန်းမာရေးဌာန၏အကူအညီရယူခြင်း • ထိရောက်သည့် ကျန်းမာရေး ဝန်ဆောင်မှုရရှိရန် ဆောင်ရွက်ခြင်း	**ကျန်းမာရေးမှူး ရရှိရေး စီမံချက်** • ကျေးလက်ကျန်းမာရေးဆိုင်ရာ အသုံးအဆောင်နှင့် ဝန်ထမ်းရရှိအောင်တောင်းဆိုခြင်း • ကျေးရွာတွင်စဉ်ဆက်မပျက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း
ဂ	**လူငယ်ကဏ္ဍ**					
က	မူးယစ်ဆေးစွဲမှု အန္တရာယ်	• ရောင်းသူများ၍၊ အလွယ်တကူဝယ်ရနေခြင်း • အလုပ်အကိုင်ရှားပါးခြင်းအသိပညာ၊ ဗဟုသုတအားနည်းခြင်း • တရားဥပဒေစိုးမိုးမှုအားနည်းခြင်း • မူးရစ်ဆေးအသိပညာပေးမှုနည်းပါးခြင်း • ကျေးရွာမှစနစ်တကျတိုက်ဖျတ်မှုအားနည်းခြင်း	• နောင်ချိုမြို့နယ်တွင် မူးယစ်ဆေးဖြတ်ပေးမည့် အဖွဲ့ရှိနေခြင်း • သုံးစွဲသူအချို့ဖြတ်လိုကြခြင်း • တရားဥပဒေ ရှိနေခြင်း	• အလွယ်တကူ ဝယ်ယူရနေခြင်း • ဖြတ်ပေးမည့်အဖွဲ့ ထိရောက်မှုမရှိခြင်း • ရောင်းသူသိသော်လည်း သတင်းမပေးရဲခြင်း • ဥပဒေအတိုင်းဆောင်ရွက်မှု အားနည်းခြင်း • စာကြည့်တိုက်ရှိပြီးသက်ဝင်လှုပ်ရှားမှုအားနည်းနေခြင်း	• တရားဥပဒေအတိုင်း ဆောင်ရွက်ပါက လျော့နည်းနိုင် • သတင်းပေးနည်းဖြင့် ဆောင်ရွက်နိုင်(ဖုန်းဖြင့်) • မူးယစ်ဆေးတိုက်ဖျက်ရေးအဖွဲ့နှင့် ချိတ်ဆက်ပူးပေါင်း • အားကစားကွင်းနှင့် စာကြည့်တိုက်များတွင် လူငယ်များများများရှိနေစေရန် • အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း	**မူးယစ်ဆေးစွဲသူများလျော့ပါးပပျောက်စေရေးနှင့် လူငယ် အသိပညာတိုးတက်ရေး စီမံချက်** • လူငယ်အဖွဲ့ဖွဲ့စည်းခြင်း၊ ပညာပေးဟောပြောပွဲပြုလုပ်ခြင်း • စာကြည့်တိုက်ရှိသဖြင့် လူငယ်များ အားကစားနှင့် စာများများ ဖတ်ရန် လှုံ့ဆော်ပေးခြင်း • သတင်းပေးနည်း (ဖုန်း) ဖြင့် ဆောင်ရွက်ခြင်း • မူးယစ်ဆေးတိုက်ဖျက်ရေးအဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက် ခြင်း • အရက်မူးယစ်ကင်းစင်ကျေးရွာ

						ဖြစ်ရန် အားလုံး ဝိုင်းဝန်း ဆောင်ရွက်ခြင်း (ရောင်းသူ၊ သုံးသူ ပညာပေး ဥပဒေအရ တားဆီးအရေးယူ)
၈		• လူငယ်များ အားကစားနှင့် ကိုယ်လက်ကြံခိုင်ရေး မရှိခြင်း • လူငယ်များကစားရန် မြေနေရာအခက်အခဲရှိခြင်း	• လူငယ်များအချင်းချင်းစည်းလုံးညီညွတ်မှုရှိခြင်း • လူငယ်များအားကစားစိတ်ဓါတ်ရှိခြင်း	• ကိုယ်လက်ကြံခိုင်ရေးအသိမရှိခြင်း • လူထုပါဝင်လှုပ်ရှားမှုအားနည်းခြင်း • အားလပ်ချိန်နည်းပါးမှုကြောင့်အားကစားအချိန်မပေးနိုင်ခြင်း	• နွေရာသီအားကစားရက်တိုင်းသင်တန်းများစီစဉ်ပေးခြင်း • ကိုယ်လက်လှုပ်ရှားမှုအသိပညာများဟောပြောပေးခြင်း	အားကစားကွင်းရရှိရေးစီမံချက် • လူထုများပါဝင်လာအောင်နှိုးဆော်ပေးခြင်း • အားကစားထူးချွန်သူများအတွက်ဂုဏ်ပြုပွဲများကျင်းပခြင်း • လူငယ်များအစုအဖွဲ့ကစားနိုင်ရန် စီစဉ်ပေးခြင်း

နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ စာရင်း

ဘထက်ကြေးခဲကုန်းကျေးရွာ၊ဘထက်ခဲကျေးရွာအုပ်စု၊ နောင်ချိုမြို့နယ်၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးထွန်းရီ	-	၁၃/နခတ(နိုင်)၀၂၇၄၁၀	-	ဥက္ကဋ္ဌ	-
၂	ဦးဝင်းနိုင်	-	၁၃/နခတ(နိုင်)၀၂၇၃၅၃	-	အတွင်းရေးမှူး	-
၃	ဦးကျော်သူထွန်း	-	-	-	ဘဏ္ဍာရေးမှူး	-
၄	ဦးပြည့်ဖြိုးမောင်	-	-	-	စာရင်းကိုင်	-
၅	ဒေါ်ဖြူဖြူနိုင်	-	၁၃/နခတ(နိုင်)၀၆၁၅၅၈	-	စာရင်းစစ်	-
၆	ဒေါ်မြင့်မာ	-	-	-	စာရင်စစ်	-
၇	ဒေါ်နှင်းသက်မာ	-	-	-	အဖွဲ့ဝင်	
၈	ဒေါ်စိုးစိုးဝင်း	-	-	-	အဖွဲ့ဝင်	
၉	ဦးနေလင်း	-	-	-	အဖွဲ့ဝင်	

ကိုးကားစာရင်း

၁။ သာယာဝတီမြို့နယ် ငဖြူကလေးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၅၊၂၀၁၆)

၂။ကျေးရွာအကျိုးတော်ဆောင်များကောက်ယူထားသော တစ်အိမ်ထောင်စုအလိုက်အခြေခံသတင်းအချက်အလက်များ

၃။ ကျေးရွာ ဦးတည်အုပ်စုမှ ဆွေးနွေးချက်များ

၄။ ကျေးရွာအကျိုးတော်ဆောင်များ ဖြည့်သွင်းထားသော ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၅။ ကျေးရွာအိမ်ထောင်စုဇယား

၆။ စာသင်ကျောင်းမှ ကျောင်းသား၊သူစာရင်း နှင့် ကျောင်းထွက်နှုန်း မှတ်တမ်းများ

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ရှိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက် ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစား ချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမို သိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သောဌင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။မိဒီယာများ ၊ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရ လောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။ နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များ ဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့ အစည်းများ အနေဖြင့်၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းများကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေး အမြင် ဖြင့်ရေးဆွဲထားပါသည်။လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါ သည်။ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေး အခက် အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံ ကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီး များပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ် ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည်ရတနာသိုက်လမ်းနှင့်ဗိုးကုတ်လမ်းပေါ်တွင်တည်ရှိပြီးအုပ်ချုပ်ရေးရုံးစိုက်ရာနောင်ချိုမြို့ နှင့်ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကသက်မွေးဝမ်း